မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၂)

သိပ္ပံ တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ
တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

စက်ရုံစီမံကိန်းများ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်
ထင်းအစားထိုးလောင်စာတောင့်များ ပိုမိုထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း၏ တစ်နေ့တန် ၅၀၀ ကျ နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း(တောင်ဖီလာ)သို့ ရောက်ရှိပြီး စက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ပျဉ်းမနား၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ တမံအောက်ခြေမြေကြီး ကျောက်သားများကို စက်ယန္တရားကြီးများဖြင့် ဤသို့အရှိန်အဟုန်မြှင့် တူးဖော်လျက်ရှိသည်။ (မြန်မာ့အလင်း)

နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်းခန့်
ထုတ်လွှတ်ဖြန့်ဖြူးပေးသွားမည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း
နေပြည်တော် ပျဉ်းမနား၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိ

သတင်းမြင်ကွင်းနှင့်
ဓာတ်ပုံမှတ်တမ်း
ဓာတ်ပုံ - မောင်မောင်

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်တစ်ရပ်ဖြစ်သော **“ရေအရင်းအမြစ်ကြွယ်ဝတဲ့ မိမိတို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ရေအားကိုအခြေခံပြီးဆောင်ရွက်သွားရန်”** ဟူသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၇-၁၂-၂၀၀၄ ရက်တွင် ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး(၂/၂၀၀၄)မှ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက်)

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ထိန်းသိမ်းစောင့်ရှောက် လက်ရုံးရည် နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများဖြစ်ရန် ကြိုးပမ်း

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်းပွဲ ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ဇန်နဝါရီလ ၈ ရက်နေ့ကကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ရည်ရွယ်ချက်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသား တပ်မတော်အတွက် လက်ရုံးရည်နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနှင့် ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် ဖြစ်ပေသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် ပညာရပ်ဆိုင်ရာဌာနပေါင်း နှစ်ဆယ်ကျော်ရှိပြီး အခြေခံဘာသာရပ်၊ အထောက်အကူပြု ဘာသာရပ်၊ အဓိကဘာသာရပ်ကြီးများအဖြစ်ထားရှိပြီး ထိထိရောက်ရောက် သင်ကြားလေ့ကျင့်ပို့ချပေးလျက် ရှိသည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက စစ်မြေပြင်တွင် ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်ပြီး သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များ ရရှိခဲ့ကြသည်။ တပ်မတော် ဆေးဝန်ထမ်းများသည် တိုင်းပြည်အတွက် အသက်နှင့်ခန္ဓာကို စွန့်လှူထားပြီးသူများ ဖြစ်ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်အတွက် သမိုင်းကပေးသည့် အမျိုးသားရေးတာဝန် ဖြစ်သည်။ ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲ၍ အချင်းချင်းစစ်မက်ဖြစ်ပွားရာမှ ပြည်ပဝင်ရောက်စွက်ဖက်မှုများကြောင့် ပြည်ထောင်စုပြိုကွဲပြီး အင်အားချည့်နဲ့သွားသည့် နိုင်ငံများ၊ အချုပ်အခြာအာဏာ လက်လွတ်ပြီး ရုပ်သေးအစိုးရဖြစ်သွားရသည့်နိုင်ငံများ၏ သာဓကများကို သင်ခန်းစာယူကြရမည် ဖြစ်ပေသည်။

ယနေ့တပ်မတော်သည် နိုင်ငံတစ်ဝန်းလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးသုံးရပ်ဖြစ်သည့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းတို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းကြီးများတွင် တပ်မတော်သားများသည် ရောက်ရှိရာဒေသများ၌ ကျရာတာဝန်များကို ထမ်းဆောင်ရင်း တိုင်းရင်းသားပြည်သူ များ၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ လက်ရုံးရည် နှလုံးရည်ပြည့်ဝသည့် တပ်မတော်သားကောင်းများသည် နိုင်ငံအကျိုးပါဝင်ထမ်းဆောင်ရာ၌ တိုင်းရင်းသားပြည်သူ များနှင့်အတူ လက်တွဲပါဝင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လေဘေးသင့်ဒေသမှ ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

လေဘေးသင့်ဒေသမှ ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၄ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၈ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) လေဘေးသင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာနသို့ အလှူရှင်များက လာရောက် လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား ကော်မတီ အဖွဲ့ဝင်များက လက်ခံကြသည်။

လှူဒါန်း

ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၈ရက်အထိ လှူဒါန်းကြသော အလှူရှင်များမှာ ဦးအောင်ဇော်မြင့်နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါက်တာမြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ်သိန်း၁၂၀၊Ms. Levi Sap Nei Thang, Executive Director,I Love Myanmar က အိမ်၂၃၄လုံးအတွက် ငွေကျပ် ၁၄၀၄သိန်း၊ ကလောမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၇၁၄၉၅၀၊ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ဝဲလောင်ကျောက္ကာရှုဇာတိ ယောဂီမယ်တော် ဘွားအိမ်ပြည့် အသက် (၁၀၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် လှူဒါန်းခြင်း အိမ်ကိုးလုံးအတွက် ငွေကျပ် ၅၄သိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေ ၃၂၃၂၅၄၃ ကျပ်၊ Original ကုမ္ပဏီက အိမ်အလုံး ၉၀အတွက် ငွေကျပ်သိန်း၅၄၀၊ ရောရွှေဝါ ကုမ္ပဏီက အိမ် ၁၁၅လုံးအတွက် ငွေကျပ်သိန်း၆၉၀၊ ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့က ထုတ်ဝေသော မြတ်ရွှေတိဂုံမဂ္ဂဇင်းက ငွေကျပ်တစ်သိန်း၊ ရွှေဟိန်းထက် ကျောက်မျက်ကုမ္ပဏီက ရောဝတီတိုင်း ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀၀၊ ဒေင်ကုမ္ပဏီမှ အိမ်အလုံး ၁၃၀အတွက် ငွေကျပ်သိန်း၇၈၀၊ မေတ္တာဖောင်ဒေးရှင်းက ငပုတောမြို့နယ် သဲချောင်းကျေးရွာ၌ အိမ် ၁၂၈လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ် ၇၆၈သိန်း၊ မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီက အိမ်အလုံး ၅၀အတွက် ငွေကျပ်၃၇၅၀၀၀၀၊ ရွှေကမ္ဘာမောင်မောင် ကုမ္ပဏီလီမိတက်က အိမ်အလုံး ၅၀အတွက် ငွေကျပ် သိန်း ၃၀၀နှင့် General Somgkitti Jaggabatara, Chief of Defence Forces Royal Thai Armed Forces က ထိုင်းဘတ်ငွေ ၄၈၇၆၁၂ ဒသမ ၇၆တို့ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား အာဆီယံဇီဝမျိုးစုံ မျိုးကွဲဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity-ACB)မှ အမှုဆောင်ဒါရိုက်တာ Mr. Rodrigo Urdaneta Fuentes နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အခမ်းအနား ကျောက်ဆည်၌ ကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၉

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မန္တလေးတိုင်း ကျောက်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၄ရက် နံနက် ၇နာရီက ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သည့် (၆၁) နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်၊ အဖွဲ့ဝင်ဒုတိယရဲမှူးကြီးအေးထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝယ်သူရောင်းသူတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နှင့် အိန္ဒိယသမ္မတနိုင်ငံ အင်ဒို-မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ဝယ်သူရောင်းသူတွေ့ဆုံပွဲကို ဇန်နဝါရီ ၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆန်၊ ပဲမျိုးစုံ၊ လက်မှုပညာပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ ဆေးဝါးပစ္စည်း၊ အဝတ်အထည် ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ သစ်အခြေခံထုတ်ကုန်ပစ္စည်း၊ ဘက်ထရီနှင့် ဘွိုင်လာပစ္စည်း၊ တိရစ္ဆာန်နှင့် မွေးမြူရေးအစားအစာဆိုင်ရာပစ္စည်း စသည်တို့ကို ဝယ်လိုရောင်းလိုခြင်း ပြုလုပ်ရန်နှင့် ခရီးသွားလုပ်ငန်းနှင့် အခြားစိတ်ဝင်စားသော စီးပွားရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် ဆွေးနွေးလိုပါက UMFCCI အသင်းချုပ်သို့ ဆက်သွယ်၍ ဇန်နဝါရီ ၁၂ရက် နောက်ဆုံးထားပြီး အမည်စာရင်းကြိုတင်ပေးသွင်းနိုင် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်း အလက(၆) ပညာရည်ချွန်ဆုပေး

မရမ်းကုန်းမြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန်ဆုပေးပွဲ ပညာရေး စုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပ ရာ ခြောက်ဘာသာဂုဏ်ထူးရှင် အဋ္ဌမတန်း ကျောင်းသူ မအိအိငြိမ်းအား ကျောင်းအုပ် ဆရာကြီး ဦးအောင်လွင်မြင့်က ပညာရည် ချွန်ဆု ချီးမြှင့်စဉ်။ (၁၁၁)

မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁၃)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တစ်ဦးမေတ္တာ တစ်ဦးမှာ** လွင်မိုး၊ ခိုင်သင်းကြည် ဒါရိုက်တာ-ကျော်ဇေလင်း (အတွေးပုံရိပ်)
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၁)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့ မင်းသမီး** (အပိုင်း-၁၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ English Usage
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၄)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဦးဆောင်မှုနဲ့ မျိုးဆက်သစ် အင်ဂျင်နီယာတွေက ပြုလုပ်တဲ့ပွဲပါပဲ။

ဦးမြင့်ဖေ
ဥက္ကဋ္ဌ
ထုတ်ကုန်ပစ္စည်းပြပွဲ
ကျင်းပရေးကော်မတီ

■ ကျောဖုံးမှ

အင်ဂျင်နီယာစွမ်းအား ပြည်ထွန်းကားဟူသော စကားရပ်နှင့်အညီ မြန်မာနိုင်ငံ အင်ဂျင်နီယာများအနေဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိနေသည်။ ထို့အတူ မျိုးဆက်သစ် အင်ဂျင်နီယာများကိုလည်း လက်တွဲခေါ်ယူကာ အင်ဂျင်နီယာလုပ်ငန်းများ ဖွံ့ဖြိုးရေးကို ပူးတွဲလုပ်ဆောင်လျက် ရှိသည်။

ပိုမိုဖွံ့ဖြိုး

"တကယ်တော့ ဒီပွဲဟာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဦးဆောင်မှုနဲ့ မျိုးဆက်သစ် အင်ဂျင်နီယာတွေက ပြုလုပ်တဲ့ ပွဲပါပဲ။ အခုလို ပြည်တွင်းမှာ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာပြပွဲ အတွေ့အကြုံတွေကတစ်ဆင့် နိုင်ငံတကာအဆင့် ပြပွဲကြီးတွေကို လက်ခံကျင်းပနိုင်အောင် ကြိုးစားသွားမှာပါ။ အခုလို နှစ်ပတ်လည် ညီလာခံ ပြုလုပ်တာကလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ အင်ဂျင်နီယာအသင်းဝင်တွေ စုစည်းမှု၊ အတွေ့အကြုံနဲ့ နည်းပညာ ဖလှယ်မှုတွေ ရရှိတဲ့အပြင် ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နိုင်တာကြောင့် မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေပါတယ်" ဟု ဦးမြင့်ဖေက ဆက်လက်ရှင်းပြသည်။

လေ့လာ

ထို့အပြင် ယခုခင်းကျင်းပြသလျက်ရှိသည့် ထုတ်ကုန်ပစ္စည်း ပြခန်းမှာ စုစုပေါင်း၅၃ခန်းရှိပြီး ကုမ္ပဏီပေါင်း၃၄ခုတို့မှ လာရောက် ပြသကြခြင်းဖြစ်သည်။ ပြခန်းများမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ မျက်နှာစာရှေ့ မြေညီထပ်နှင့် ပထမထပ်များတွင် ပြသထားသည်ကို တွေ့ရသည်။ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်များတွင် စာတမ်းဖတ်ပွဲများရှိရာ စာတမ်းဖတ်ပွဲခန်းမတိုင်း တက်ရောက်လေ့လာနေသူများကို တွေ့ရသည်။ စာတမ်းဖတ်ပွဲများကို ဇန်နဝါရီ ၈ရက်နှင့် ၉ရက်များတွင် ကျင်းပပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ၆၂ နှစ်ပတ်လည် ညီလာခံကို ဇန်နဝါရီ၁၀ရက်၌ ကျင်းပမည်ဖြစ်သည်။

နည်းပညာ

တစ်ဖန် အင်ဂျင်နီယာ အသင်းဝင်များ ယှဉ်ပြိုင်ကြသည့် Cyclone Shelter ပြိုင်ပွဲဝင် ဓာတ်ပုံများကို ခင်းကျင်း ပြသထားရာ အင်ဂျင်နီယာ နည်းပညာအမြင်ဖြင့် တင်ပြထားသော အဆောက်အအုံများကို တွေ့မြင်ရသည်။

သိစေချင်

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ မျက်နှာစာရှေ့သို့ ထွက်လာရာ ပြခန်းများကို တွေ့ရသည်။ UNITED MERCURY Co., Ltd.

ပြခန်းတွင် SHIBAURD အမျိုးအစား လယ်ထွန်စက်၊ မီးသတ်ပန့်၊ ဂျင်နရေတာ၊ သစ်လုံးညှပ် မတင်စက်၊ Valvoline ချောဆီများ ခင်းကျင်းပြသထားသည်ကို မြင်တွေ့ရသည်။ "အင်ဂျင်နီယာသုံးပစ္စည်းတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်လို့ပါ" ဟု ပြခန်းတာဝန်ခံ ဦးအောင်ကိုကိုက ပြောပြသည်။

လမ်းကြိတ်စက်

ထို့အတူ Premier Machinery Trading ပြခန်းတွင် လမ်းကြိတ်စက်၊ မြေကော်စက်၊ မြေတူးစက်၊ သစ်လုံးညှပ် မတင်စက်၊ XGMA တံဆိပ်ယန္တရားများ၊ မီးစက်နှင့် လေမှုတ်စက်များ၊ ကေဗွီအေ၂၀မှ ၂၀၀၀အတွင်း အသုံးပြုနိုင်သည့် Power Link အမှတ်တံဆိပ် မီးစက်များ၊ လေမှုတ်စက်နဲ့ TITAN ချောဆီများ ပြသထားသည်။

ပြသထား

အဆောက်အအုံ ပထမထပ်ရှိ SM-ART ပြခန်းတွင် စက်ရုံအလုပ်ရုံ တိုင်းတာရေးကိရိယာများ၊ ရေမျက်နှာပြင်တိုင်း ကိရိယာများ၊ မိုးကြိုးလွှဲများ၊ လျှပ်စစ်တိုင်းတာရေး ကိရိယာများ၊ အဆိပ် ဓာတ်ငွေ့များကို တိုင်းတာနိုင်သည့် ကိရိယာများကို ခင်းကျင်းပြသထား သည်ကို တွေ့ရသည်။

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံအတွင်း အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ပြခန်းများကို လေ့လာသူများအား ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ စာတမ်းဖတ်ပွဲ ကျင်းပစဉ်။ (မြန်မာ့အလင်း)

လက်တွေ့တည်ဆောက်

အထူးခြားဆုံးမှာ အဆောက်အအုံ အရှေ့မြေပြင်မျက်နှာတွင် ခိုင်ခံ့သော နေအိမ်တစ်လုံးတည်ဆောက်ပုံကို အိမ်ပုံစံငယ်နှင့်တကွ လက်တွေ့တည်ဆောက်ပြသထားရာ ပြပွဲလာသူများ လက်တွေ့လေ့လာမှတ်သားနိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။ အထိရောက်ဆုံး ပြသမှုတစ်ရပ်အဖြစ် သတိပြုမိသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေဖြင့် ယခုကျင်းပသည့် နှစ်ပတ်လည် ညီလာခံနှင့် ထုတ်ကုန်ပစ္စည်းပြပွဲသည် အင်ဂျင်နီယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ထိရောက်သည့် ဆောင်ရွက်မှု တစ်ရပ်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

လက်တွေ့ တည်ဆောက်ပြသထားသော အိမ်ပုံစံငယ်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

ရခိုင်သဟာယအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

ရခိုင်သဟာယအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ပညာသင်ဆုရကျောင်းသားများ၊ အသင်းဝင်လိုသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့်အပူဇော်ခံမည့် အသက်(၇၅)နှစ်ပြည့် နာယကများ၊ ဂုဏ်ထူးဆောင် အသင်းဝင်များ၊ အမှုဆောင်ဟောင်းများ၊ အသက်(၈၀)ပြည့် အသင်းဝင်များသည် ဇန်နဝါရီ၂၅ရက် နောက်ဆုံးထား၍ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃နှင့် ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၉ရက်က မြန်မာ့လက်ရွေးစင်ဘော်လီဘော ကစားသမားဖြစ်သူ ဝင်းထွန်းဦး (အား/ကာသိပ္ပံမန္တလေး)သည် အင်ဒိုနီးရှားနိုင်ငံ **Palembang Bank Sumsel** ကလပ်အသင်းတွင် သွားရောက်ကစားရန်အတွက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ မီးလောင်မှုဖြစ်ပွား ၄၀ သေဆုံး နေအိမ်၃၀ မီးဘေးသင့်

ကရာချိ ဇန်နဝါရီ ၉

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရပ်ကွက် တစ်ခု၌ ဇန်နဝါရီ၉ရက်က မီးလောင်မှု ဖြစ်ပွားရာ ၄၀သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

လျှပ်စစ်ဓာတ်ကြိုးပြတ်ကျ

မီးလောင်မှုဖြစ်ပွားရခြင်းမှာလျှပ်စစ်ဓာတ်ကြိုးတစ်ချောင်း နေအိမ်များအပေါ် ပြတ်ကျခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိပ်မောကျနေချိန်

မီးလောင်မှု ဖြစ်ပွားချိန်မှာ ဇန်နဝါရီ ၉ရက် နံနက်သုံးနာရီခန့်ကဖြစ်ရာ လူအများ အိပ်မောကျနေချိန် ဖြစ်သဖြင့် ကလေးငယ်များ အများဆုံး သေဆုံးခဲ့ရခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် နေအိမ် ၃၀ခန့် မီးဘေးသင့်ခဲ့ရကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ကော်စတာရီကာ၌ ရစ်ချ်တာစကေး ၆ဒသမ၁ ငလျင်လှုပ် ၁၄ဦးသေဆုံး၍ အများအပြား ဒဏ်ရာရရှိ

ဆန်ဂျို့ ဇန်နဝါရီ ၉

ကော်စတာရီကာနိုင်ငံ ပိုအက်စ်မီးတောင်အနီး၌ ဇန်နဝါရီ၉ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၁ အင်အားရှိသော မြေငလျင်လှုပ်သွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အများအပြား ဒဏ်ရာရ

အဆိုပါ ငလျင်လှုပ်မှုကြောင့် ဖရေဂျာနက်မြို့တွင် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး ၁၄ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။

ပိတ်မိနေ

ငလျင်လှုပ်မှုကြောင့် တောင်များပြိုကျပြီး မော်တော်ကားလမ်းများ ပိတ်ဆို့ခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသည်များ၏ အစီအစဉ်များလည်း ရပ်ဆိုင်းသွားခဲ့သည်။ နေအိမ်အဆောက်အအုံ အပျက်အစီးများအောက်မှ ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်လျက်ရှိသည်။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

အော့တဝါ ဇန်နဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ကနေဒါတပ်ဖွဲ့ဝင်များ၏ သံချပ်ကာကားသည် ရရာဖြင့်ဖြစ်သလို စီမံဖန်တီးထားသည့် လမ်းဘေးဗုံးထောင်ဖောက်ခွဲရေး ပစ္စည်းတစ်ခုကို တက်နင်းမိရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာ ရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိများက ဇန်နဝါရီ ၈ ရက်၌ သတင်းထုတ်ပြန်သည်။

လုပ်ဆောင်

အဆိုပါလမ်းဘေးဗုံးပေါက်ကွဲမှုသည် ကန်ဒါဟာပြည်နယ်၏မြို့တော် ကန်ဒါဟာစီးတီး၏မြောက်ဘက် ၃၅ ကီလိုမီတာအကွာရှိ ဒေသတွင် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ဒေသ၌ ရှင်းလင်းရေးလုပ်ငန်းများကို ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း ကန်ဒါဟာပြည်နယ် စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဗိုလ်မှူးကြီး ဂျမီကိတ်က ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထုတ်ပြန်

ဒဏ်ရာရသည့် တပ်ဖွဲ့ဝင်သုံးဦးအား ကန်ဒါဟာလေတပ်စခန်းရှိဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ကုသခဲ့ရာ အသက်အန္တရာယ် မစိုးရိမ်ရတော့ကြောင်း ကနေဒါ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံး

၂၀၀၂ ခုနှစ်က ကနေဒါတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ကာ ယနေ့အထိ ယင်းနိုင်ငံတွင် သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၇ ဦးရှိသွားပြီ ဖြစ်သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဘူဒီရှိရ်အရပ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးသတ်သမားများက မီးငြိမ်းသတ်နေသည်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေနံဈေးနှုန်း ဆက်လက်ကျဆင်း တစ်စည်လျှင် ၄၃ ဒေါ်လာအောက် ရောက်ရှိ

နယူးယောက် ဇန်နဝါရီ ၉

ကမ္ဘာ့ရေနံ အများဆုံးသုံးစွဲသည့် အမေရိကန်နိုင်ငံတွင် မျှော်လင့်သည်ထက် ရေနံပိုမိုသိုလှောင်ခဲ့မှုကြောင့် ရေနံဈေးနှုန်း ဆက်လက်ကျဆင်းခဲ့ကြောင်း ဇန်နဝါရီ ၈ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

နယူးယောက် ကုန်သွယ်ရေးဌာနတွင် စာချုပ်ချုပ်ဆို သတ်မှတ်ထားချက်အရ ဖေဖော်ဝါရီလတွင် ရေနံတစ်စည်လျှင် ၄၂ဒသမ၆၃ဒေါ်လာဖြင့် ဖြန့်ဖြူးမည်ဖြစ်သည့်အတွက် တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၅ ဒေါ်လာ ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဥရောပတိုက်အတွင်း ရောင်းဝယ်ကုန်သွယ်ရေးဌာန၌ ဖေဖော်ဝါရီလအတွက် ရေနံတစ်စည်လျှင် ၄၅ဒသမ၈၆ဒေါ်လာဖြင့် ရောင်းချရန် သတ်မှတ်ထားခဲ့ရာ တစ်စည်လျှင် ၄ဒသမ ၆၇ဒေါ်လာ ဈေးလျှော့ချခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၆ဒသမ ၇သန်းတန်ဖိုးရှိ ရေနံစိမ်းစည်များကို တိုးမြှင့်သိုလှောင်ခဲ့ကြကြောင်း အမေရိကန် စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ယင်းရေနံစိမ်းသိုလှောင်မှုမှာ စည်ပေါင်း ၇၀၀၀၀၀ ရှိခဲ့ရာ ဆန်းစစ်လေ့လာသူများ မျှော်မှန်းသည်ထက် ပိုမိုမြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ ကရာချိ၌ မီးလောင်မှုဖြစ်ပွား လူ ၃၀ သေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၉

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ ဇန်နဝါရီ ၉ရက် နံနက်စောစောပိုင်းက မီးလောင်ကျွမ်းခဲ့ရာ လူ ၃၀သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖြစ်ရပ်သည် ကရာချိမြို့မြောက်ပိုင်း ဘီဘယ်လ်ကိုလန်အရပ်နှင့် မျက်နှာချင်းဆိုင်ရှိ အမှတ်(၅)အရပ်၌ သန်းခေါင်ကျော်အချိန်တွင် အိမ် ၂၄ လုံးခန့်ကို မီးလောင်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း ပါကစ္စတန်နိုင်ငံရှိ အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပုဂ္ဂလိကပိုင် ဂျီအိုသတင်းဌာနက သေဆုံးသူဦးရေ ၄၀ရှိသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သစ်သားအိမ်ငယ်များ မီးလောင်ရခြင်းအကြောင်းအရင်းကို မသိရှိရသေးချေ။ အဆိုပါမီးသည် သစ်သားအိမ်ငယ် ၁၅လုံးမှ ၂၀ ဝန်းကျင်နှင့် တဲအိမ်များကို အကုန်လုံးနီးပါး ကူးစက်လောင်ကျွမ်းခဲ့သည်ဟု ဆိုသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားချိန်သည် လူများအိပ်မောကျနေချိန်ဖြစ်သည့်အတွက် ထွက်ပြေးလွတ်မြောက်နိုင်ခြင်းမရှိဘဲ သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဗီယက်နမ်မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံး

ဟန်နွိုင်း ဇန်နဝါရီ ၉

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း သန်ဟွာပြည်နယ်၌ ဇန်နဝါရီ ၈ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရမှုကြောင့် အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

သေဆုံးသည့်မိန်းကလေးငယ်မှာ မိသားစုပိုင် ကြက်မွေးမြူရေးခြံမှ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ကြက်ခြံမှ ကြက်များကို သုတ်သင်ရှင်းလင်းလိုက်ပြီ ဖြစ်သည်။

ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသည့် မိန်းကလေးငယ်မှာ ကိုယ်အပူချိန် မြင့်တက်ပြီး ဖျားလျက်ရှိရာ ဆေးရုံသို့ တင်ပို့ခဲ့သော်လည်း သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါ မိန်းကလေးငယ်၏ ညီမဖြစ်သူ အသက်ရှစ်နှစ်အရွယ် မိန်းကလေးငယ်မှာလည်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံနေရကြောင်း သိရသည်။

ယခုအခါ အနီးဝန်းကျင်မှ ကြက်၊ ဘဲများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သုတ်သင်ရှင်းလင်းလျက်ရှိရာ ကြက်၊ ဘဲ ကောင်ရေ ၉၀၀၀ခန့် သုတ်သင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အပူချိန်ကျဆင်း

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် အန်ချိုရာဂျီမြို့တွင် ဇန်နဝါရီ ၇ ရက်က ရေခဲမှတ်အောက် ၆၅ဒီဂရီဖာရင်ဟိုက်ထိအောင် အပူချိန်ကျဆင်းခဲ့ပြီးနောက် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြင်သစ်တောင်ပိုင်း၌ ဆီးနှင်းများကျဆင်း

ပါရီ ဇန်နဝါရီ ၉

ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ ၈ရက်က ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ကြောင်း ပြင်သစ်နိုင်ငံမိုးလေဝသဆိုင်ရာ အရာရှိများက ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးမြို့ဖြစ်သော မာဆေးလ်မြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ မော်တော်ယာဉ်သွားလာရေး ရပ်ဆိုင်းခဲ့သည်။ မြို့တွင်းလမ်းများပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းခဲ့သည်။

ဆီးနှင်းများဆိုးရွားစွာ ကျဆင်းမှုမှာ အချို့နေရာများတွင် ဆီးနှင်းထု တစ်ပေခန့်အထိ ကျဆင်းခဲ့ကြောင်း၊ လမ်းများအပေါ် ဖုံးလွှမ်းနေသော ဆီးနှင်းထုများကို ဖယ်ရှားနေသော်လည်း မော်တော်ယာဉ်သွားလာမှု အခက်အခဲကြုံတွေ့နေရကြောင်း ၎င်းတို့က ပြောကြားသည်။

မာဆေးလ်မြို့ လေဆိပ်များတွင် လေယာဉ်အဆင်းအတက် မရှိဘဲဖြစ်နေရာ ခရီးသည်များ လေဆိပ်၌သောင်တင်နေခဲ့သည်။ **(အင်တာနက်)**

ချီကာဂိုတောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွား

ချီကာဂို ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တောင်ပိုင်းတွင် ဇန်နဝါရီ ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးသုံးဦး သေဆုံးခဲ့ကြောင်း ချီကာဂိုမီးသတ်ဌာနမှ အရာရှိတစ်ဦးက ဇန်နဝါရီ ၈ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါမီးလောင်မှုသည် ချီကာဂိုတောင်ပိုင်း ဘတ်ဖလိုရိပ်သာတွင် ယင်းနေ့ နံနက် ၁၀ နာရီက သုံးထပ်လူနေတိုက်ခန်းများ၏ ထိပ်ဆုံးအထပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်သမားများသည် အသက် ၄ နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦးအား မီးလောင်နေသည့် ဒုတိယထပ်မှ ကယ်တင်နိုင်ခဲ့ကြောင်း၊ ၎င်းကလေးအား ချီကာဂိုတက္ကသိုလ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးခဲ့ရကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ထိပ်ဆုံးအထပ်ရှိ အခန်းတစ်ခန်း၏ထောင့်တွင် သေဆုံးနေသည့် ကလေးသုံးဦးကို တွေ့ရှိခဲ့ရကြောင်း မီးသတ်အရာရှိများက ပြောကြားခဲ့သည်။ **(အင်တာနက်)**



အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်း၌ ဖေဖော်ဝါရီ ၁၂ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်မည့် ဒစ္စကာဗာရီ အာကာသလွန်းပျံယာဉ်အား ပြင်ဆင်မှုများပြုလုပ်နေသည်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်အရှေ့ပိုင်း ကင်ဒါအိုမြို့ရှိ ကုန်ပဒေသာတိုက်တစ်ခုတွင် အရောင်းဝန်ထမ်းတစ်ဦးက ရွှေဖရုံသီးများကို ခင်းကျင်းနေရာချနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့်အေးသန္တာသိန်း

● *ကျော့ဖုံးမှ*

ရန်ကုန်-မန္တလေး အဝေးပြေး ကားလမ်းမကြီးပေါ်တွင် နေပြည်တော်ပျဉ်းမနားမှ နေပြည်တော်တပ်ကုန်းသို့ အသွား ကားလမ်းမကြီး၏ အနောက်ဘက် ဆင်သေချောင်း မြေနုကျွန်းများ တစ်လျှောက် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိသည်မှာ စိမ်းစိုလန်းဆန်းကာ အရောင်အသွေးစုံညီ အကွက်ကျ အစီအရီ ရှုမျှော်မဆုံးတွေ့မြင်ရသကဲ့သို့ လမ်းမကြီးတစ်လျှောက် ထွက်ရှိသော ဟင်းသီး ဟင်းရွက်များ ရောင်းဝယ်မှု ဈေးကွက်များမှာလည်း နေရာမလပ် စည်ကားစွာ တွေ့မြင်ရပေသည်။

ယခုအခါ ရန်ကုန်-မန္တလေး ကားလမ်းမကြီးနံဘေး နေပြည်တော်တပ်ကုန်းရှိ သူဌေးကုန်းကျေးရွာနှင့် နွယ်ရစ်ကျေးရွာထိပ် ပန်းမုန်လာထုပ်များ နေ့စဉ်သယ်ထုတ် ရောင်းဝယ်နေသည့် မြင်ကွင်းမှာ ဟင်းသီး ဟင်းရွက် လက်ကား

"ဒီအပွင့်ကြီး တစ်ထုပ်ကို အခင်းဈေး ကျပ် ၁၅၀ ရှိပါတယ်"
တောင်သူဦးဖိုးဌေး
(နွယ်ရစ်ကျေးရွာ)

ဈေးကြီးတစ်ခုပမာ စည်ကားလျက်ရှိနေသည်။

အသီးအပွင့်များ

သတင်းအဖွဲ့ရောက်ရှိပြီး ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးနေစဉ် တောင်သူတစ်ဦးက ဖော်ရွေသောအပြုံးဖြင့်ဆီးကြိုကာ ခွန်အားစိုက်ထုတ် ရင်းနှီးလုပ်ဆောင်မှုကြောင့် ရရှိလာသော အသီးအပွင့်များ ရောင်းရမှု အကျိုးအမြတ်ကို ဂုဏ်ယူဝင့်ကြွား ပြောကြားချင်သည့်အလား 'ဆရာတို့ ဘာသိချင်ပါသလဲ' ဟု နှုတ်ဆက်စကားဆိုသည့်အတွက် လက်ဆွဲနှုတ်ဆက်ပြီး သိလိုသမျှ မေးမြန်းချက်အဖြေစကားများကို ဖော်ပြလိုက်ရပါသည်။

"ကျွန်တော့်နာမည် ကိုဖိုးဌေးပါ၊ နွယ်ရစ်ကျေးရွာမှာနေပါတယ်။ ကျွန်တော့်စိုက်ခင်းက ထွက်တဲ့ ပန်းမုန်လာပွင့်တွေ လာရောင်းတာပါ၊ အရောင်းအဝယ်ကတော့ အတော်သွက်တယ်။ ဆရာတို့မြင်တဲ့အတိုင်း အခု လှိုင်လှိုင်ပေါ်တဲ့အချိန်မှာ ရောင်းရတော့ ဈေးကျနေတယ်။ ဒီအပွင့်ကြီးတစ်ထုပ် ဈေးကွက်ဝင်အထုပ်တွေမှ ကျပ် ၁၅၀ ပဲ ယနေ့ ပေါက်ဈေးရှိတယ်။ ယခင် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလဆန်း ပေါ်ဦးပေါ်ဖျားကတော့ ကျပ် ၂၀၀ ကနေ ကျပ် ၂၅၀ အထိ ပေါက်ဈေးရှိတယ်။ အခု အရောင်းအဝယ်သွက်တဲ့အတွက် ဈေးကျပေမယ့် အရှုံးတော့ မရှိပါဘူး၊ အမြတ်ကတော့ နည်းတာပေါ့"ဟု အားတက်သရော ပြောကြားတယ်။

ဟင်းသီး ဟင်းရွက် စိုက်ပျိုးသူ တောင်သူများ၏ အကျိုးအမြတ်ကို သိလိုသဖြင့် ဆက်လက်မေးမြန်းရာ ကိုမိုးဌေးက အောက်ပါအတိုင်း အသေးစိတ် ရှင်းလင်းဖြေကြားခဲ့သည်။

ကုန်ကျစရိတ်

"ကျွန်တော် အခုရာသီမှာ တစ်ပိုင်တစ်နိုင်အနေနဲ့ ပန်းမုန်လာ တစ်ဧကလောက်ပဲစိုက်ပါတယ်၊ ပန်းမုန်လာမျိုးစေ့ ၁၀ ဂရမ်အထုပ် ခုနစ်ထုပ် ပျိုးထောင်ပါတယ်၊ တစ်ထုပ်ကို ငွေကျပ် ရှစ်ထောင်နှုန်းနဲ့ ငွေကျပ် ၅၆၀၀၀ ကုန်ပါတယ်၊ စိုက်ပျိုးမြေ အသင့်ဖြစ်အောင် ထယ်ရေး ငါးစပ်ထွန်ရတယ်၊ တစ်ဧကကို ထွန်ရေးပြင်ရင် တစ်စပ်ရအောင် နွားသုံးရှဉ်း ငှားရတယ်။ စုစုပေါင်း ၁၅ ရှဉ်းနဲ့ ထွန်ယက်ခ ကျပ် ၃၀၀၀ နှုန်းဖြစ်တဲ့အတွက် ငွေကျပ် ၄၅၀၀၀ ကုန်တယ်။ သဘာဝမြေဩဇာအနေနဲ့ တစ်ဧကကို နွားချေးလှည်း ကိုးစီး တစ်စီးကို လှည်းခ အပါအဝင် ငွေကျပ် ၆၀၀၀ ဖြစ်တဲ့အတွက် ငွေကျပ် ၅၄၀၀၀ ကုန်တယ်။ ပြီးရင် အပင်နဲ့အပွင့် ကြီးထွားသန်မာအောင် ပုလဲဓာတ်မြေဩဇာ သုံးအိတ်သုံးတယ်၊ ဓာတ်မြေဩဇာဖိုးက ငွေကျပ် ၇၀၀၀၀ လောက် ကုန်တယ်၊ ဒီပန်းမုန်လာတွေက အပင်အရွက်ရော အပွင့်အထုပ်ပါ နူးညံ့ပြီး အရသာရှိတဲ့အတွက် ပိုးကြိုက်တယ်၊ ဒါကြောင့် ပိုးသတ်ဆေးလည်း သုံးရတယ်၊ ပိုးသတ်ဆေးဖိုးက တစ်သိန်းလောက်ကုန်တယ်။ စိုက်တဲ့အချိန်မှာ တန်းဆွဲပြီး အကွက်ချ စိုက်တဲ့အတွက် စိုက်ပျိုးတဲ့လုပ်အားခနဲ့ ပြီးရင် ရေတင်စိုက်ပျိုးရတာကြောင့် လုပ်အားခနဲ့ ရေတင်ခအတွက် တစ်သိန်းသုံးသောင်းလောက် ကုန်ပြန်တယ်၊ နောက်ဆုံး ဈေးကွက်တင်ရောင်းဖို့အတွက်လည်း စိုက်ကွင်းကနေ ဒီလမ်းထိပ်ဈေးကွက်အရောက် လှည်းတစ်စီး ကျပ် ၄၀၀၀ နဲ့ ငှားရတယ်။ ကျွန်တော့်အခင်းက လှည်းအစီး ၂၀ လောက်တိုက်ရတဲ့အတွက် ကျပ် ၈၀၀၀၀ ကုန်တယ်၊ အားလုံးကုန်ကျစရိတ်တွေပေါင်းရင် ငွေကျပ် ငါးသိန်းသုံးသောင်း ငါးထောင်ကုန်တယ်"ဟု အသေးစိတ်တွက်ပြသည်။

ဝီရိယအကျိုး

ကုန်ကျစရိတ်တွေ များလွန်းသည့်အတွက် တွက်ခြေကိုက်မကိုက် ရောင်းရငွေများ ထပ်မံမေးမြန်းကြည့်ရာ "ကျွန်တော့်အခင်းက အပင်တစ်သောင်းကျော်စိုက်တဲ့အထဲမှာ အသေအပျက်နဲ့ ရောင်းတမ်းမဝင်တာနှုတ်အပြီး အထုပ်ရှစ်ထောင်လောက် ရောင်းရတယ်။ တစ်ထုပ်ကို ကျပ် ၁၅၀နဲ့ ရောင်းရတဲ့အတွက် ငွေကျပ်ဆယ့်နှစ်သိန်း ရတယ်။ အကျိုးအမြတ် ပြန်တွက်ရင် ကျွန်တော့် တစ်ဧကစိုက်ကွက်က အမြတ်ငွေကျပ် ၆၆၅၀၀၀ ဖြစ်တဲ့အတွက် ကျပ်ခြောက်သိန်းခွဲတော့ အသားတင်ဝင်ပါတယ်"ဟုတောင်သူ များ၏ ဝီရိယအကျိုး၊

"ပန်းမုန်လာများကို ရန်ကုန်၊ သထုံ၊ မော်လမြိုင်၊ ဘားအံစတဲ့မြို့တွေကို အခု ၁၀ ဘီး၊ ၁၂ ဘီးကားကြီးတွေနဲ့ ငှားပြီးတင်ပို့ပါတယ်"
ကိုသိန်းဆွေ (ကုန်သည်)

ခွန်အားစိုက်ထုတ်မှု အကျိုးကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသည်။

ယင်းအကျိုးအမြတ်ရရှိမှုကို အချိန်ကာလအားဖြင့် မေးမြန်းကြည့်ရာ ပျိုးထောင်သည့် တစ်လသားမှာ အပြီးရွှေ့စိုက်ပြီး နောက်ထပ်ရက်ပေါင်း ၆၀မှ ၇၀ အတွင်း ထုတ်လုပ်ရောင်းချနိုင်သဖြင့် စုစုပေါင်းကြာချိန် သုံးလအတွင်း ဤသို့ အကျိုးအမြတ် ရရှိခြင်းပင်ဖြစ်သည်။

တင်ပို့ရောင်းချ

နေပြည်တော်တစ်ခွင် ဟင်းသီးဟင်းရွက်များ အလုံအလောက်ထွက်ရှိသဖြင့် ကားကြီး ကားငယ်များဖြင့် အမြို့မြို့ အနယ်နယ်သို့ တင်ပို့ရောင်းချနေသည်ကိုလည်း မျက်မြင်တွေ့ရှိသဖြင့် ကုန်သည်တစ်ဦးအား မေးမြန်းကြည့်ရာ "ကျွန်တော့်နာမည် ကိုသိန်းဆွေပါ၊ နေပြည်တော်တပ်ကုန်း မြဝတီရပ်ကွက်ထဲမှာနေပါတယ်။ ကျွန်တော် ဒီကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို ရန်ကုန်၊ သထုံ၊ မော်လမြိုင်၊ ဘားအံ စတဲ့ မြို့တွေကို အခု ၁၀ဘီး၊ ၁၂ ဘီးကားကြီးတွေနဲ့ငှားပြီး တင်ပို့ပါတယ်။ ကုန်စိမ်းဖြစ်တဲ့အတွက် ဈေးကွက်ဝယ်လိုအားကို လိုက်ပြီး အကျိုးအမြတ် ရှိပါတယ်။ မြတ်တဲ့အခါ ရှိသလို ရှုံးတဲ့အခါလည်း ရှိပါတယ်။ ရှုံးတဲ့အခေါက်မှာ မြတ်တဲ့အထဲက စားရပြီး ဒီလုပ်ငန်းနဲ့ပဲ ကျွန်တော့်မိသားစု ရပ်တည်နေတာပါ" ဟု ပြောကြားသည်။

တိုးတက်မြင့်မား

ထိုသို့ နေပြည်တော်တပ်ကုန်း ဆင်သေချောင်း မြေနုကျွန်းတစ်လျှောက် တောင်သူအများ ဟင်းသီး ဟင်းရွက် စိုက်ခင်းများကို စီးပွားဖြစ်စိုက်ပျိုးခြင်းကြောင့် နေပြည်တော်တစ်ခွင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော် လယ်ဝေးဝန်းကျင် မြို့နယ်၊ ရပ်ကွက် အတွင်းရှိ ဈေးများတွင်လည်း လတ်ဆတ်သော ဟင်းသီး ဟင်းရွက် မျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူအများ ဝယ်ယူစားသုံးနိုင်လျက်ရှိသကဲ့သို့ စိုက်ပျိုးသော တောင်သူများလည်း အကျိုးဖြစ်ထွန်းကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပန်းမုန်လာပွင့်များကို လှည်းတစ်တန်၊ ကား တစ်တန်ဖြင့် ဈေးကွက်များသို့ ဤသို့တင်ပို့ ရောင်းချ လျက်ရှိသည်။

မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီ မြန်မာကျောင်းသားသုံးဦးအား ပညာသင်ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီသည် မြန်မာကျောင်းသားသုံးဦးအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်၌ ပညာဆည်းပူးနိုင်ရန် ပညာသင်ဆု ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရုံးနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာပက်ထရိုနပ်စ်ထရေးဒင်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ပညာသင်ဆုချီးမြှင့်ခြင်းခံရသော ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် မြန်မာပက်ထရိုနပ်စ်ထရေးဒင်း ကုမ္ပဏီလီမိတက်မှဌာနေကိုယ်စားလှယ် Mr. Abu Baker Bin Salleh တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်၌ အင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသည့် ကျောင်းသားသုံးဦးတို့အား ပညာသင်ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပဌမအကြိမ်

ပညာသင်ဆုသည် ကျောင်းသားများ၏ ပညာသင်ကြားမှုစရိတ်အဝဝကို ကျခံပေးမည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် ပညာသင်ကာလပြီးဆုံးသည့်အခါ စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီသည် ၂၀၀၄ ခုနှစ်မှစ၍ ယခုကဲ့သို့ မြန်မာကျောင်းသားများအား ပညာသင်ဆုချီးမြှင့်လာခဲ့ရာ ယခု ၂၀၀၉ ခုနှစ် ပဋ္ဌမအကြိမ် အပါအဝင် စုစုပေါင်းကျောင်းသား ၂၈ ဦးရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲ ဖြစ်သွားပါတယ်။

ဘဏ္ဍာ/အခွန် တစ်ဂိုး။
စွမ်းအင် တစ်ဂိုး။

ဒုတိယမြောက် သရေပွဲကြုံ

အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တတိယနေရာမှာ ရပ်တည်နေတဲ့ စွမ်းအင်တို့ ထိပ်တိုက်တွေ့ဆုံကြတဲ့ပွဲပဲဖြစ်ပါတယ်။ ခုနစ်မှတ်စီ ရရှိထားပြီး ရှုံးပွဲမရှိသေးတဲ့ နှစ်သင်းတွေ့ဆုံကြတာဖြစ်ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ဖို့အတွက် အမှားမခံဘဲ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းဟာ ဒုတိယမြောက်သရေပွဲနဲ့ ကြုံတွေ့ခဲ့ရပြီး ထွန်းထွန်းဝင်းရဲ့ နောက်ကျ ချေပဂိုးကြောင့်သာ သရေတစ်မှတ် ရရှိခဲ့တာဖြစ်တယ်၊ လေးပွဲ ကစားအပြီးမှာ နှစ်ပွဲသာနိုင်သေးပြီး နှစ်ပွဲသရေကျထားတဲ့ ဘဏ္ဍာ/အခွန်အသင်းကတော့ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းဖို့ လက်ကျန်ပွဲတွေမှာ အမှတ်တွေ ထပ်ဆုံးရှုံးလို့ မရတော့ပါဘူး။

ကြိုးစားခဲ့

အမှတ်ပေးဇယားကို ဦးဆောင်နိုင်ဖို့အတွက် နှစ်သင်းစလုံးအနိုင်ရဖို့ ကြိုးစားခဲ့ကြပြီး ပထမပိုင်းမှာ ဂိုးသွင်းခွင့်တွေ အများကြီးရခဲ့ကြပါတယ်။ အထူးသဖြင့် နှစ်သင်းစလုံးအခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့လို့ ပထမပိုင်းမှာ ဂိုးမရခဲ့ကြတာဖြစ်ပါတယ်။ စွမ်းအင်က အောင်ကျော်မျိုး၊ စိုင်းသန်းအောင်၊ ဘဏ္ဍာ/အခွန်က ပိုင်စိုး၊ ရန်ပိုင်နဲ့ စိုးမြတ်မင်းတို့က အခွင့်အရေးတွေကို လွဲချော်ခဲ့ကြတာဖြစ်ပါတယ်။ ပထမပိုင်း ပြီးခါနီးမှာ ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ရန်ပိုင် ဂိုးသမားမရှိတဲ့ ဂိုးပေါက်ထဲကို ခေါင်းတိုက်သွင်းပေမယ့် စွမ်းအင်နောက်ခံလူ ကျော်ခိုင်ဝင်းက ဂိုးထဲမဝင်ခင် ဖျက်ထုတ်နိုင်ခဲ့ပါတယ်။

၅၄ မိနစ်မှာတော့ စွမ်းအင်အသင်း ဦးဆောင်ဂိုးရရှိသွားပြီး ဇော်ထက်အောင် ကန်တင်ပေးလိုက်တဲ့ဘောလုံးကို ကျော်ခိုင်ဝင်းက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ကျော်ခိုင်ဝင်းဟာ Air Bagan နဲ့ပွဲတုန်းကလည်း အနိုင်ဂိုးသွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဂိုးပေးရပြီး နောက်ပိုင်းမှာတော့ ဘဏ္ဍာ/အခွန်အသင်းဟာ ချေပဂိုးရဖို့ တိုက်စစ်အားကို တောက်လျှောက်မြှင့်ခဲ့ပါတယ်။ ဘဏ္ဍာ/အခွန် တိုက်စစ်မှူးတွေဖြစ်တဲ့ ရန်ပိုင်နဲ့ စိုးမြတ်မင်းကို စွမ်းအင်နောက်တန်းက လှုပ်မရအောင် ပိတ်ဆို့ကစားနိုင်ခဲ့တာကြောင့် ဂိုးရဖို့ခက်ခဲခဲ့ရပါတယ်။ ဒါပေမယ့် ၇၄ မိနစ်မှာတော့ ကွင်းလယ်လူ ထွန်းထွန်းဝင်းက အောင်ထွန်းလင်း ပေးတာကို အလယ်ကြောကနေ ပြေးထွက်ပြီး ဂိုးသမား ကျော်ဝင်းလှိုင်ကို ကျော်ပြီး ကန်သွင်းခဲ့လို့ ဘဏ္ဍာ/အခွန် ချေပဂိုးပြန်ရခဲ့ပါတယ်။ သရေဖြစ်ပြီးနောက်ပိုင်းမှာ နှစ်သင်းစလုံး လူအပြောင်းအလဲလုပ်ပြီး ကစားအားတင်ပေမယ့် အနိုင်ဂိုးတော့ မရခဲ့ပါဘူး။ အခုပွဲအပြီးမှာ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်နဲ့စွမ်းအင်အသင်းတို့ လေးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှစ်မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်နဲ့ ဘဏ္ဍာ/ အခွန်က ပထမနေရာ၊ စွမ်းအင်က ဒုတိယ နေရာမှာ ရှိနေပါတယ်။

ယနေ့ပွဲ

မြို့တော်စည်ပင် - ပို့ဆောင်ရေး
(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး စိုးမြတ်မင်း စွမ်းအင် ဂိုးရှေ့၌ ဂိုးရရှိရေး ဤသို့ ကြိုးစားခဲ့သည်။ (မြန်မာ့အလင်း)

ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အဆိုပါအစည်းအဝေးသို့ အကြံပြု ဆွေးနွေးချက်များပေးပို့လိုပါက ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်းနှင့် ရန်ကုန်နှင့်တစ်ပြည်လုံးရှိ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု လျှပ်စစ်(၂) ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဇန်နဝါရီ ၆ရက်က ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ တောင်ငူပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်း တပ်ဆင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာယာကုန်း-ကမာနတ် မဟာဓာတ်အားလိုင်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဖောင်ဒေးရှင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တာဝါတိုင်တပ်ဆင်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းကြိုးများ သွယ်တန်းချိတ်ဆက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် မြင်ကွန်း-ရှားဇောင်းကန် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

မကွေး ဇန်နဝါရီ ၉

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြင်ကွန်း-ရှားဇောင်းကန်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က မကွေးမြို့နယ် ရှားဇောင်းကန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းသစ်ဖွင့်ပွဲနှင့်ပတ်သက်၍ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းမှ ကျောက်ချောလမ်းသစ်အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ပေရှိပြီး မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၁၁၉၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အဖွဲ့ဥက္ကဋ္ဌ ဆရာဦးမျိုးသန့်နှင့်အဖွဲ့အား နတ်ရေကန် ဦးတင်မောင်ထွေးမှ ဇန်နဝါရီ ၆ရက်က စမ်းချောင်းမြို့နယ် ဓမ္မာရုစ်လမ်း နေအိမ်တွင် ဂုဏ်ပြုပွဲတစ်ရပ်ကျင်းပပြီး အလှူငွေကျပ်နှစ်သိန်းနှင့် ချိုချဉ်သကြားလုံးများ၊ အိုဗာတင်းအထုပ်လေးများ ပေးအပ်သည်။ **(ယာပုံ)**

တစ်မျိုးသားလုံး ကျန်းမာရေးနှင့် ပညာရည်မြင့်မားရေးဟူသော နိုင်ငံတော်၏ ဦးတည်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် အဖွဲ့ဝင် ၂၂ဦးပါသော အဆိုပါ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အဖွဲ့သည် နာဂတောင်တန်း ၁၂၅၅၃ ပေမြင့်သည့် ဆာရာမေတိတောင်ထိပ်သို့ တက်ရောက်ရန်အတွက် ရန်ကုန်မှ ဇန်နဝါရီ ၁၂ရက်တွင် စတင်၍ ထွက်ခွာပြီး မန္တလေး၊ မုံရွာ၊ ဟုမ္မလင်း၊ လေရှီး၊ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ကာ ဇန်နဝါရီ ၂၄ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးရှောင် မလောင်ခင်တား

သံတွဲ ရွှေလေ့ကျေးရွာ လင်းအောင်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

သံတွဲ ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ရွှေလေ့ကျေးရွာ လင်းအောင်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရွှေလေ့ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဝင်းသိန်းက အမှာစကားပြောကြားပြီး သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ပုံငွေတိုးပွားရေးနှင့် စာအုပ်များ များပြားရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လင်းအောင်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌက စာကြည့်တိုက်သမိုင်းနှင့် အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆုချီးမြှင့်

ညပိုင်းတွင် ကာရာအိုကေသီချင်း အဆိုပြိုင်ပွဲကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို လင်းအောင်ကုမ္ပဏီက ငွေကျပ် ၄၃သိန်း အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

IBTC ကုမ္ပဏီ စားသုံးသူကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်း၁၀၀ ကံထူးရှင်အား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

International Beverages Trading Co.,Ltd.(IBTC) မှ ထုတ်လုပ်သော Grand Royal ၏ စားသုံးသူကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်းတစ်ရာ ဆွတ်ခူးရရှိသော ကံထူးရှင်အားဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ကျင်းပရာ ရှေးဦးစွာ IBTC မှ အမှုဆောင်ဒါရိုက်တာ ဦးတင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကံထူးရှင်ဖြစ်သူ ရန်ကုန်မြို့ သာကေတမြို့နယ်မှ ဦးစန်းသွင်အား ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သည်။ **(ယာပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် ကံထူးရှင် ဦးစန်းသွင်က ကျေးဇူးတင်စကားပြောကြားပြီး အမှုဆောင်ဒါရိုက်တာ ဦးတင့်ဦးက ဆုမဲပေါက်အောင် ရောင်းချပေးသည့် သာကေတမြို့နယ်မှ ရွှေယမင်း(၂)ဆိုင်ပိုင်ရှင်အား Samsung ၃၂လက်မ LCD TV ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကံစမ်းမဲအစီအစဉ်တွင် ငွေကျပ် ၂၀၀ မှ ကျပ်သိန်း ၁၀၀အထိ ပါဝင်သည့် ဆုမဲပေါင်းများစွာကို ထည့်သွင်းကာ ကံစမ်းမဲကာလကို ၂၀၀၈ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ သတ်မှတ်၍ကျင်းပပေးခဲ့ကြောင်း၊ ပေါက်မဲများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရမည်းသင်းမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ရမည်းသင်း ဇန်နဝါရီ ၉

ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားတင်က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်မျိုးစုံ ၆၀၀ကျော်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုပေး

ဂန့်ဂေါ ဇန်နဝါရီ ၉

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်နံနက် ၉ နာရီက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ၊ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ဆုပေးပွဲကို ယင်းနေ့ ည၇နာရီတွင် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြု အခမ်းအနားကျင်းပသည့် လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌လည်းကောင်း ကျင်းပသည်။ **(ဝ၇၁)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဟသ္သာတခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနကကြီးမှူး ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆိုင်ရာ ပညာပေးဟောပြော

ဟသ္သာတ ဇန်နဝါရီ ၉

ဧရာဝတီတိုင်း ဟသ္သာတခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီခွဲက ဟသ္သာတခရိုင် အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ကျင်းပသည်။

မှာကြားဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အခွန်ဦးစီးဌာနမှူး ဦးအေကူးမားက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ဟောပြောသည်။ **(ယာပုံ)**

ဟောပြော

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ဝင်းက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ စားသောက်ဆိုင်လုပ်ငန်းရှင်များ ထားရှိရမည့် စာရင်းစာအုပ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၄/၉၃)အရ လုပ်ငန်းစဉ်အလိုက် ထားရှိရမည့် စာရင်းစာအုပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိက အခွန်အမှတ်တံဆိပ် ရိုက်နှိပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းလုပ်ငန်းရှင်များ၏ မရှင်းလင်းသည့်အချက်များအပေါ် မေးမြန်းချက်များကို ခရိုင်ဦးစီးဌာနမှူး ဦးအေကူးမားက ပြန်လည်ရှင်းလင်းဖြေကြားသည်။ အဆိုပါ အခွန်ပညာပေးရှင်းလင်းဟောပြောပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၁၂၆ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

10-1 (06).pmd 1 1/10/2009, 1:50 AM

အောင်ပွဲရ မွန်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့အသင်းနှင့် အမျိုးသမီးဂျူဒိုအသင်းတို့အား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၈ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဂျူဒိုပြိုင်ပွဲတို့တွင် အောင်ပွဲရ မွန်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့အသင်းနှင့် အမျိုးသမီးဂျူဒိုအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြား သည်။

ရှင်းလင်းတင်ပြ

ထို့နောက် အောင်ပွဲရ မွန်ပြည်နယ် မြန်မာ့ရိုးရာ လက်ဝှေ့အသင်းမှ နည်းပြဆရာ ဦးကျောင်းသားနှင့် မွန်ပြည်နယ် အမျိုးသမီး ဂျူဒိုအသင်းမှ အဖွဲ့ခေါင်းဆောင် ဦးမျိုးဝင်းယုတို့က ပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ် မြန်မာ့ရိုးရာ လက်ဝှေ့ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင် **(အပေါ်ပုံ)** နှင့် မွန်ပြည်နယ် ဂျူဒိုဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့်တို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို တိုင်းမှူးထံ အပ်နှံကြသည်။

ဆုများပေးအပ်

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ မွန်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့အသင်းနှင့် အမျိုးသမီးဂျူဒို အသင်းတို့မှ အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကျောင်းတွင်းထူးချွန်ဆု

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမက(၁၃) မူလွန်ကျောင်းပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ရက်ကကျင်းပရာ သူငယ်တန်း(က)မှ မောင်လင်းသစ် အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ကျောင်းတွင်းထူးချွန်ဆု ချီးမြှင့်စဉ်။

(ပညာရေး)

သဝဏ်လွှာဖတ်ကြား

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရွှေတောင်မြို့နယ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

သုတဘဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ် စာတမ်း ဖတ်ပွဲတွင် ဆရာမကြီး ဒေါ်ကြန်(မကြန်)က ဘာသာစကားနှင့် စာပေ၌ အသံလှယ်ခြင်း စာတမ်းနှင့် ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)က ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ထုတ်လုပ် ရေးမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်စေရေးစာတမ်းတို့ကို ဇန်နဝါရီ ၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စား သူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်တွေ့လုပ်ငန်းခွင်အသုံးချ အဆင့်မြင့်သင်တန်းများ သင်ကြားမည်

ရန်ကုန် ဇန်နဝါရီ ၉

အရှိန်အဟုန်ဖြင့်တိုးတက်နေသော IT Industry တွင် အရည်အသွေးပြည့်ဝသော Software Engineer များ၏ အခန်း ကဏ္ဍသည် အလွန်အရေးပါလာပြီး ယနေ့ မြန်မာနိုင်ငံ၏ IT နှင့် Software လုပ်ငန်းများ တိုးတက်လာရေးအတွက် ရတနာပုံ ဆိုက်ဘာစီးတီးကို ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နိုင်ငံတကာ IT နည်းပညာကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြမည် ဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝသော Software Engineer များ လိုအပ်လာမည်ဖြစ်သည်။

ပထမဦးဆုံး

ထိုကဲ့သို့ နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ အလုပ်လုပ်နိုင်သော အရည်အသွေးပြည့် Software Engineer များကို မွေးထုတ်ပေးနိုင်ရန် Gusto မှ ဘွဲ့တစ်ခုခုရရှိထားပြီး Software Development လုပ်ငန်းခွင် ဝင်ရောက်လိုသူများအတွက် အထူးရည်ရွယ်သော လုပ်ငန်းခွင်အသုံးချ အဆင့်မြင့် Professional Software Engineer with C#.Net 3.0 သင်တန်းကို ပထမဦးဆုံး ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ယခု ဤသင်တန်းတွင် မြန်မာဘွဲ့ရလူငယ်များအား ပြည်တွင်း ပြည်ပ Software လုပ်ငန်းခွင်တွင် Programmer တစ်ယောက်အနေဖြင့်သာမက System Analyst, Software Architect, Project Manager ဖြစ်သည့်အဆင့်အထိ ဝင်ရောက် လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော Skill နှင့် Knowledge များကို ဖြည့်ဆည်းပေးနိုင်သော အဆင့်မြင့်ဘာသာရပ်ကြီး၊ငါးခုဖြစ်သည့် (1. Programming with C#. Net 3.0, 2. Database Design & Development, 3. Object Oriented Analysis & Design with UML, 4. Design Pattern with C#. Net 3.0,5.Essential Soft Skill) တို့ကို အသေးစိတ် သင်ကြားပေးမည်ဖြစ်သည်။

စနစ်တကျလေ့လာ

Programming with C#.Net 3.0 ဘာသာရပ်တွင် Software Development ပြုလုပ်ရာ၌ အသုံးအများဆုံး Programming Language တစ်ခုဖြစ်သည့် C#.Net 3.0 ၏ အဓိကကျသော Programming Technique များနှင့် မိမိ၏ Programmer ဘဝတစ်လျှောက်လုံးတွင် အသုံးချနိုင်မည့် ကောင်းမွန်သော Program ရေးသားခြင်း အလေ့အထများကို နိုင်ငံတကာ Software Development အတွေ့အကြုံရှိ ဆရာ ဆရာမများထံမှ စနစ်တကျ လေ့လာသင်ကြားရမည်ဖြစ်သည်။

Database Design and Development ဘာသာရပ်တွင် Database Management System (DBMS) ၏ အခြေခံကျသော သဘောတရားများနှင့် ကောင်းမွန်သော Database Design တစ်ခုပြုလုပ်ရန် လိုအပ်သော နည်းပညာများကို လေ့လာရမည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများသည် အဆင့်မြင့် SQL Statement များကို ရေးသားနည်းများနှင့် အစွမ်းထက်မြက်သော Database Feature များဖြစ်သည့် Stored Procedure, Trigger အစရှိသည်တို့ကို သင်ယူရမည်ဖြစ်သည်။

Object Oriented Analysis & Design with UML ဘာသာရပ်တွင် Software Development Life Cycle တစ်ခုလုံးနှင့် သက်ဆိုင်သည့် သဘောတရားများ၊ အသိပညာများ၊ နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရမည်ဖြစ်ပြီး UML (Unified Modeling Language) ကို လက်တွေ့ Project များနှင့် အသေးစိတ် လေ့ကျင့်ရမည်ဖြစ်သည်။

Design Pattern with C#.Net ဘာသာရပ်တွင် Object-Oriented Programming Language များဖြင့် Program ရေးသားရာတွင် ကြုံတွေ့လာနိုင်သည့် Design ပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းသင့်ကြောင်းကို လေ့လာရမည်ဖြစ်သည်။ ထို့အပြင် System Analyst, Software Architect ဖြစ်လိုသူများ အတွက် မသိမဖြစ်သော Creational Design Pattern, Structural Design Pattern နှင့် Behavioral Design Pattern များကို အသေးစိတ်လေ့လာရမည် ဖြစ်သည်။

Essential Soft Skill ဘာသာရပ်တွင် Programmer တစ်ယောက်အနေဖြင့် မိမိ၏ Career ကို ရပ်တန့်မနေဘဲ Project Manager, Team Leader အစရှိသည့် အဆင့်မြင့် IT ရာထူးများဖြင့် လုပ်ကိုင်လိုသူများအတွက် သိသင့်သိထိုက်သော Project Management Body of Knowledge နှင့် Presentation Skills အစရှိသည်တို့ကို သင်ကြား လေ့ကျင့်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းတစ်ခုတွင် သင်တန်းသား ၂၀သာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် Gusto Programming သင်တန်းကျောင်း အမှတ် (၁၁) ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂၊ ၀၉-၅၁-၄၄၈၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ပြီးခဲ့သည့် နိုဝင်ဘာက ဂရင်းရှိုင်ရယ်ဖလား ဆွတ်ခူးနိုင်ရေးအတွက် ထူးထူးခြားခြား စွမ်းဆောင်ပေးခဲ့ကြောင်း၊ ထို့အပြင် မြန်မာဘောလုံးအသင်းအတွက် စုစုပေါင်းပွဲ ၁၅၀ ကျော် ပါဝင်ကစားပေးခဲ့ပြီး ဂိုးပေါင်း၅၉ဂိုး သွင်းယူပေးနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ၂၀၀၉ခုနှစ်အတွက် အာရှ၌ စောင့်ကြည့်ရမည့် ဘောလုံးသမား ၁၀ဦးတွင် ဒသမ နေရာမှ သတ်မှတ်ဖော်ပြခဲ့သည်။

ခြေစွမ်းပြ

၂၀၀၉ခုနှစ် အာရှ၌စောင့်ကြည့်ရမည့် နံပါတ်တစ် ဘောလုံးသမားအဖြစ် အီရန်လက်ရွေးစင်နှင့် အီရန်ကလပ်စီပါဟမ်မှအီရှန်ဟာဂျေဆာဗီဖြစ်သည်။ အသက် ၁၈နှစ်အရွယ် ဆာဗီသည် အီရန်ဘောလုံးအသင်း၌ ထူးထူးခြားခြား ခြေစွမ်းပြနိုင်သော လူငယ်တိုက်စစ်မှူးဖြစ်ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါကလပ်များက စိတ်ဝင်စားနေသောကစားသမားဖြစ်သည်။

အာရှ၌ ယခုနှစ်အတွက် စောင့်ကြည့်ရမည့်နံပါတ်နှစ်ဘောလုံးသမားမှာ တောင်ကိုရီးယား ဘောလုံးအသင်းနှင့် တောင်ကိုရီးယားကလပ် အက်ဖ်စီဆိုးလ်မှဘောလုံးသမားလီချောင်ယောင်ဖြစ်သည်။အသက်၂၀အရွယ်လီချောင်ယောင်သည် ဂိုးသွင်းစွမ်းရည် အထူးထက်မြက်ပြီး တစ်ဖက်အသင်းခံစစ်မှူးများ ဟန့်တားရန် မလွယ်ကူသည့် ဘောလုံးသမားဖြစ်ရာ ဥရောပကလပ်များက ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။

တတိယမြောက် စောင့်ကြည့်ရမည့် ကစားသမားမှာ ယူအေအီးနှင့် ယူအေအီးကလပ် အယ်လ်အက်လီမှ အသက် ၁၇နှစ်အရွယ် အာမက်ခါလီဖြစ်သည်။ ယခုနှစ်၌ အာရှအကောင်းဆုံး လူငယ်ဘောလုံးသမားဆုကိုရရှိရန် ရေပန်းအစားဆုံး ကစားသမားဖြစ်သည်။ အသက် ၁၅နှစ်အရွယ်ကပင် ယူအေအီး လက်ရွေးစင်အတွက် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

အလင်းလက်ဆုံးကြယ်ပွင့်

စတုတ္ထမြောက်စောင့်ကြည့်ရမည့် ကစားသမားမှာဂျပန်ဘောလုံးအသင်းနှင့် ဂျပန်ကလပ် အက်ဖ်စီတိုကျိုမှ အသက်၂၂ နှစ်အရွယ် နောက်ခံကစားသမား ယူတိုနာဂါတိုမိုဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကဒဏ်ရာရထားသဖြင့် ပွဲစဉ်အများအပြား ပါဝင်မကစားနိုင်ခဲ့သော်လည်းဂျပန်ဘောလုံးအသင်း၌ အလင်းလက်ဆုံးကြယ်ပွင့် ဖြစ်သည်။

ပဉ္စမမြောက်စောင့်ကြည့်ရမည့် ဘောလုံးသမားမှာ ဗီယက်နမ်ဘောလုံးအသင်းနှင့် ဗီယက်နမ်ကလပ်ဟန္တိုင်းမှ အသက် ၂၃နှစ်အရွယ် တိုက်စစ်မှူး လီကွန်ဗင်ဖြစ်သည်။ အရှေ့တောင်အာရှ၌ အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးဖြစ်ပြီး ဗီယက်နမ်အသင်း၏ အဓိကတိုက်စစ်မှူး ဖြစ်သည်။

သတိပြု

ဆဋ္ဌမမြောက် စောင့်ကြည့်ရမည့် ဘောလုံးသမားမှာ ဩစတြေးလျနှင့် ဩစတြေးလျကလပ် ဆစ်ဒနီအက်ဖ်စီ ကွင်းလယ်ကစားသမား ရှန်နွန်ကိုးလ်ဖြစ်သည်။ ဩစတြေးလျ၌သာမက ကမ္ဘာ့ဘောလုံးလောက၌ပါ သတိပြုရမည့် ဘောလုံးသမားဖြစ်သည်။

အာရှအကောင်းဆုံး

အိန္ဒိယ ဘောလုံးအသင်းနှင့် အိန္ဒိယကလပ်အရှေ့ဘင်ဂေါမှအသင်းခေါင်းဆောင်တစ်ဦးဖြစ်သည့် စူနေလ်ချက်ထရီမှာ သတ္တမမြောက် စောင့်ကြည့်ရမည့်ဘောလုံးသမားဖြစ်သည်။ အသက် ၂၄နှစ်သာရှိသည့် ချက်ထရီမှာ ၂၀၀၆ခုနှစ်က အာရှအကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

အဋ္ဌမမြောက် စောင့်ကြည့်ရမည့် ဘောလုံးသမားမှာ ကာတာဘောလုံးအသင်းနှင့် ကာတာကလပ်အယ်ဆတ်မှ ဒီနီဆော့ဗ်ဖြစ်သည်။ အသက် ၂၀ သာရှိသေးပြီး တိုက်စစ်တွင် ရဲရဲဝံ့ဝံ့ ထိုးဖောက် ကစားတတ်သူဖြစ်ရာ ယခုနှစ်တွင် အာရှအကောင်းဆုံး ဘောလုံးသမားဆုအတွက် နာမည်ကြီးနေသူဖြစ်သည်။

နောက်တန်းခံစစ်မှူး

နဝမမြောက် စောင့်ကြည့်ရမည့် ဘောလုံးသမားမှာ ဥဇဘက်ကစ္စတန်အသင်းနှင့် ဥဇဘက်ကစ္စတန်ကလပ် အက်ဖ်စီဒီနီပရိုမှ အီဘရာဟင်ဖြစ်သည်။နောက်တန်း ခံစစ်မှူးတစ်ဦးဖြစ်ရာအသက်၂၁နှစ်သာရှိသေးသော်လည်း ပွဲတိုင်းအမှားအယွင်းမရှိကစားနိုင်သူဖြစ်သည်။ **(အင်တာနက်)**

အီရှန်ဟာဂျေဆာဗီ (အီရန်)

လီချောင်ယောင် (တောင်ကိုရီးယား)

အာမက်ခါလီ (ယူအေအီး)

ယူတိုနာဂါတိုမို (ဂျပန်)

လီကွန်ဗင် (ဗီယက်နမ်)

ရှန်နွန်ကိုးလ် (ဩစတြေးလျ)

စူနေလ်ချက်ထရီ (အိန္ဒိယ)

ဒီနီဆော့ဗ် (ကာတာ)


အီဘရာဟင် (ဥဇဘက်ကစ္စတန်)

စိုးမြတ်မင်း (မြန်မာ)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော ကုမ္ပဏီဥပဒေ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)စည်ပင်လမ်းသစ် (ရန်ကင်းစင်တာအနောက်ဘက်) ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းအမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လည်ဘူး အထက စတုတ္ထ အကြိမ် အာစရိယပူဇော်ပွဲ

ပင်လည်ဘူး ဇန်နဝါရီ ၉

ပင်လည်ဘူးမြို့ အထက၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပင်လည်ဘူးမြို့ အထက၌ ကျင်းပမည်ဖြစ်ရာ လက်ရှိ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပင်လည်ဘူးမြို့အထက၌ ထမ်းဆောင်ခဲ့၍ အငြိမ်းစားယူ အပူဇော်ခံဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ **(မြန်မာ့အလင်း)**

● *ရှေ့ဖုံးမှ*

သတ်မှတ်ကာလ

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် Max Myanmar Group of Companies က တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၅၀၀ကျ ဘိလပ်မြေ စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရန်နှင့် သတ်မှတ်စံနှုန်းများနှင့်အညီ တည်ဆောက်ကြရန် မှာကြားသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် အမှတ်(၂)စက္ကူ စက်ရုံ(ရေနီ)အနီး တည်ဆောက်လျက်ရှိသော တစ်နေ့တန်၅၀ ပျော့ဖတ်နှင့် တစ်နေ့တန်၈၀ စက္ကူညှိစက်ရုံ စီမံကိန်း (ရေနီ)သို့ ရောက်ရှိပြီး စက်ပစ္စည်းများတပ်ဆင်မှု အခြေအနေနှင့် စက်ရုံပတ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပိုမိုထုတ်လုပ်

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံဘေးထွက် ပစ္စည်းများဖြစ်သည့် သစ်မှုန့်၊ ဝါးမှုန့်များကို အသုံးပြု၍ တီထွင်ထုတ်လုပ်ထားသော စွန့်ပစ်လောင်စာသုံး Gasifer နှင့် ဘေးထွက်ပစ္စည်းများဖြင့် ထင်းအစားထိုး လောင်စာတောင့်ထုတ်လုပ်မှုနှင့် ထုတ်လုပ်ထားသော လောင်စာတောင့်နမူနာများကို ကြည့်ရှု၍ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် ပိုမိုထုတ်လုပ်ကြရန် မှာကြားသည်။ အဆိုပါ ထင်းအစားထိုး လောင်စာတောင့်စက်မှ တစ်နေ့လျှင် လောင်စာတောင့် ၅၀၀ စမ်းသပ်ထုတ်လုပ်နိုင်လျက်ရှိကြောင်း သိရသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း အုတ်စက်ရုံ စီမံကိန်း (ပန်းတင်)သို့ ရောက်ရှိပြီး ပင်မစက်ရုံ အဆောက်အအုံ တည်ဆောက်နေမှုနှင့် ဆက်စပ်အဆောက်အအုံများတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အုတ်စက်ရုံ စီမံကိန်း (ပန်းတင်) တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အုတ်ချပ်ရေ ၁၅၀၀၀၀ ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂) မရမ်းကုန်းမြို့နယ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၉

အထက(၂) မရမ်းကုန်းမြို့နယ် (ယခင်စိန့်ဂျူစ်အကယ်ဒမီ)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)နှင့်အထက်ဆရာ ဆရာမကြီးများ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး လှူဒါန်းလိုပါက ဒေါ်ခင်မြတ်သူ ဖုန်း-၀၉-၈၀-၂၅၁၉၉၊ ၀၆၇-၄၀၄၁၇၁၊ ဒုတိယဗိုလ်မှူးကြီးတင်မြင့်သိန်း ဖုန်း-၀၉-၅၀-၃၈၃၅၇၊ ဗိုလ်မှူးစည်သူလွင် ဖုန်း-၀၉-၅၀-၈၀၃၈၂၊ဗိုလ်ကြီးအေးချစ် (ငြိမ်း)ဖုန်း-၀၉၈၀၂၂၀၀၊ ၀၉-၅၁-၃၇၃၀၀၊ ဒေါ်နီလာစိုး ဖုန်း-၀၉-၅၁-၀၃၂၃၆၊ ဦးအောင်ကိုကို ဖုန်း-၀၉-၅၁-၇၀၅၇၈၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၆၄၂၅၃၊ ကိုသောင်းအေး ဖုန်း-၀၉-၅၁-၅၁၈၀၇၊ဒေါ်စန်းစန်းမြင့်၊ဒေါ်နီနီ ဖုန်း-၆၆၂၀၇၈၊ ကိုကျော်လေး ဖုန်း-၀၉-၈၀-၃၀၂၀၁၊ ကိုထွန်းထွန်း ဖုန်း-၀၉-၅၁-၆၇၅၈၄၊ ဒေါ်ကြင်ကြင်ဝင်း ဖုန်း-၆၆၁၂၈၄၊ ကိုသောင်းဟန် ဖုန်း-၆၅၀၄၂၇၊ ကိုငြိမ်းချမ်းနိုင် ဖုန်း-၀၉-၅၁-၇၅၈၁၆၊ ကိုဝင်းလှိုင် ဖုန်း-၆၅၀၀၆၃ နှင့် ကိုအောင်နိုင်ထူး ဖုန်း-၀၉-၅၀-၅၅၅၃၅တို့သို့ ဆက်သွယ်နိုင်သည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၉ ရက် (စနေနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **အမေအိုရဲ့ဒုက္ခ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရ)
- ၈:၀၅-၂:၀၅ အလေအလွင့်မရှိ အချိန်ကုန်သက်သာ ဦးကြီးများရဲ့ အားထားရာ (စပါးခြွေလှေ့စက်)
- ၈:၂၅-၂:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၄၅-၂:၄၅ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
- ၉:၀၅-၃:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀-၃:၂၀ ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာ လယ်တွင်းသားစောချစ်)
- ၉:၅၅-၃:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅-၄:၀၅ ကျန်းမာပျော်ရွှင်လှစေချင် အပိုင်း(၂)
- ၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀-၄:၃၀ စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
- ၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅-၄:၅၅ သွားမယ်စားမယ် (ရွှေသျှမ်း)
- ၁၁:၂၀-၅:၂၀ ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
- ၁၁:၂၅-၅:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀-၅:၃၀ တစ်ပတ်အတွင်း အားကစားသတင်း
- ၁၁:၄၅-၅:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀-၅:၅၀ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေမှာကုမုဒြာ (အပိုင်း-၁)
- ၁၂:၀၅-၆:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (နိုင်ဖော်နှင့်တွေ့ဆုံခြင်း)
- ၁၂:၂၅-၆:၂၅ Activities in the City (သဒ္ဓမ္မဇျုဟာဓမ္မာရုံ)
- ၁၂:၄၀-၆:၄၀ စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ်
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Aston Villa-West Brom	ESPN (Live)
၉:၂၅	Arsenal-Bolton	ESPN (Live)
	Newcastle-West Ham	STAR SPORTS(Live)
၁၁:၅၅	Stoke City -Liverpool	STAR SPORTS(Live)
	Middlesbrought-Sunderland	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Inter Milan -Cagliari	5-Carton (Live)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့် လွိုင်လင်တွင် အအေးပို၊ မွန်-တနင်္သာရီကမ်းရိုးတန်း၌ လေပြင်းများကျရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၉

ဇန်နဝါရီ ၁၀ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ၁၀ရက်(**ယနေ့**)နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာနေမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်း၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ (-၁) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

လှိုင်းကြီးနိုင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

ပင်မတမံနှင့် ဆက်စပ်ရေအားလျှပ်စစ် အဆောက်အအုံ



*** ရှေ့ဖုံးမှ**

ထိုသို့အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ခွင့်ပြုချက်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မြန်မာနိုင်ငံတော်အတွင်း ပေါကြွယ်ဝသော ရေအရင်းအမြစ်များမှ ရေအားလျှပ်စစ်ထုတ်ယူပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အကောင်အထည်ဖော်ရာတွင် အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွား ဖြစ်ထွန်းစေရန်အလို့ငှာ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို အရှိန်အဟုန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို နေပြည်တော်ပျဉ်းမနား၏ အရှေ့ဘက် ၂၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစီမံကိန်းမှာလက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေး လျက်ရှိသော ဓာတ်အားပေးစက်ရုံများအနက် လျှပ်စစ်ဓာတ်အားအများဆုံး ထုတ်လုပ်ပေးနေသည့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ရေလွှဲဥမင်လိုဏ်ကို ရေထွက်ပေါက်အပိုင်းဘက်မှ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထူးခြားချက်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ထူးခြားချက်မှာ ရေလှောင်တမံသည် အခြားစီမံကိန်းများကဲ့သို့ မြေသားတမံ၊ ကျောက်ဖြည့်တမံမဟုတ်ဘဲ ကွန်ကရစ်တမံ Roller Compacted Concrete Dam တစ်နည်းအားဖြင့် အတိုကောက် RCC Dam အမျိုးအစားဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် ကွန်ကရစ်တမံ Roller Compacted Concrete Dam(RCC Dam)ကို မန္တလေးတိုင်းအတွင်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ပထမဦးစွာ စတင်အသုံးပြုလျက်ရှိပြီး အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ RCC Dam ကို ဒုတိယမြောက်အသုံးပြုသော စီမံကိန်းဖြစ်လည်းသည်။

ဒုတိယမြောက်

ထို့အတူ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မိုးရာသီတွင် မြစ်ရေစီးဝင်ခြင်းမှ ကာကွယ်ရန်နှင့် နောင်တွင် RCC ကွန်ကရစ်ဖျော်စက်မှ တမံတည်ဆောက်မည့်နေရာသို့ ကွန်ကရစ်များ သယ်ဆောင်မည့် Conve yor belt စင်များ တပ်ဆင်ရန်အတွက် ရေကာနံရံ Separation Wall တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်ရာ အဆိုပါရေကာကွန်ကရစ်နံရံမှာ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ပထမဦးစွာ စတင်အသုံးပြုခြင်းဖြစ်ပြီး အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှာ ဒုတိယမြောက်အသုံးပြုခြင်းဖြစ်သည်။

မိုးရေချိန်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်မည့် ပေါင်းလောင်းမြစ်၏ ပတ်ဝန်းကျင်ဧရိယာတွင် မိုးရွာသွန်းမှုမှာ နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၆၀ခန့်ရွာသွန်းပြီး ပေါင်းလောင်းမြစ်အတွင်း စီးဝင်ရေပမာဏမှာ နှစ်စဉ်ပျမ်းမျှ ဧကပေ၂၁၀၆၅၀၀ စီးဝင်လျက် ရေဆင်းဧရိယာမှာ၉၉၃ စတုရန်း မိုင်ခန့်ရှိပေသည်။ အဆိုပါရေများမှာ မိုးတွင်းကာလ၌ အရှိန်အဟုန်ဖြင့် တဝုန်းဝုန်း စီးဆင်းနေသော်လည်း မိုးကုန်၍ ဆောင်းရာသီရောက်ပါက ရေများ တစ်စ တစ်စ လျော့နည်းလာရာမှ နွေရာသီတွင် ပေါင်းလောင်းမြစ်အတွင်း ရေပါးပါးသာ ကျန်လေ့ရှိသည်။

ရေလျှံကျ

မြစ်တို့၏ မာယာအတိုင်း မိုးတွင်းကာလ ရေလျှံကျလေ့ရှိပြီး နွေရာသီအရောက် ရေခန်းခြောက်ကာ ပျောက်ချင်းမလှ ပျောက်လေ့ရှိသော်လည်း နှစ်စဉ်မိုးရာသီတွင် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော ရေအရင်းအမြစ်ကို အလဟဿမဖြစ်ရအောင် တမံတည်ဆောက်ပြီး လိုသလောက် ရေသိုလှောင်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်သည်။

ရေလှောင်ပမာဏ

သို့ဖြစ်၍ ပေါင်းလောင်းမြစ်အတွင်း စီးဆင်းနေသည့် ရေအလျဉ်ကို အလျား ပေ၁၆၄၀(မီတာ ၅၀၀)၊ အမြင့် ၃၂၂ပေ (၉၈ မီတာ)ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၁၀၄၂၇၀၀၊ ကန်ရေသေရေလှောင်ပမာဏဧကပေ၂၈၄၅၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ၂၄စတုရန်းမိုင် ဧက၁၅၃၆၀ ပမာဏရှိကွန်ကရစ်တမံ RCC Dam တည်ဆောက်ကာ ဓာတ်အားပေးစက်မောင်းနှင်ရန်အတွက် လိုအပ်သော ရေပမာဏကို သိုလှောင်ထားမည်ဖြစ်သည်။

ထုတ်လွှတ်မည်

မိုးတွင်းကာလတွင်သိုလှောင်မည့် ရေပမာဏ လိုအပ်သည့်ရေပမာဏထက် ပိုလျှံနေသော ရေများကို ၅၅ပေကျယ်၍ ၂၁ပေအမြင့်ရှိပြီး ရေထွက်ပေါက် သုံးပေါက်ပါရှိသည့် ရေတံခါးမပါ ရေပိုလွှဲ(Ogee Type, Ungated) မှ ပေါင်းလောင်းမြစ်အတွင်းသို့ ရေထုတ်လွှတ်သွားမည်ဖြစ်သည်။

အဆိုပါ ရေပိုလွှဲ၏ ရေထုစီးနှုန်း (အဝင်)မှာ ၂၄၇၂၃၃ ကုဗပေ/စက္ကန့်ဖြစ်ပြီး ရေပိုလွှဲ၏ အမြင့်ဆုံး ရေမျက်နှာပြင် နိမ့်မြင့်မှတ် EL 1214.0 ပေ(EL 370.0m)၊ အနိမ့်ဆုံး ရေမျက်နှာပြင် နိမ့်မြင့်မှတ် EL 1155.0 ပေ(EL352.0m) နှင့် ရေအားအမြင့် ပေ ၂၆၀၊ (၇၉မီတာ)ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း၊ ချဉ်းကပ်လမ်းပေါ်ရှိအဓိကအရေးကြီးသော **"နန်ချိုချောင်းကူး သံကူကွန်ကရစ်တံတား"**နှင့် **"ပေါင်းလောင်းမြစ်ကူး သံကူကွန်ကရစ်တံတား"** တည်ဆောက်ခြင်းလုပ်ငန်းတို့မှာပြီးစီးနေပြီဖြစ်သလို ပင်မတမံတည်ဆောက်မည့်နေရာ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ၊ဆွဲဒ်ယာဒ်တည်ဆောက်မည့်နေရာ၊ ရေကာနံရံတည်ဆောက်မည့်နေရာတို့၏ အောက်ခြေတွင် မြေကြီးကျောက်သား တူးဖော်ရန်အတွက် မြစ်ရေလွှဲခြင်းလုပ်ငန်းကိုလည်း ဒီဇင်ဘာ ၅ရက်က အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ရေတားတမံ

ယခုအခါတွင်အထက်ပေါင်းလောင်းစီမံကိန်းရှိ မြစ်ရေလွှဲထားသည့်(ပိတ်ထားသည့်)နေရာ၌ ကျန်ရှိနေသော ရေများစုပ်ထုတ်ခြင်း၊ ရေများ ကုန်စင်အောင် စုပ်ထုတ်ပြီးပါက ပင်မတမံတည်ဆောက်မည့် နေရာတွင် အောက်ခြေကျောက်သား(အမာခံ)တိုင်အောင် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ရေတားတမံအောက်ခြေ၊ ဓာတ်အားပေးစက်ရုံအောက်ခြေနှင့် စက်ရုံအောက် ရေထုတ်မြောင်းတို့တွင် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ရေကာပန်းတာ(Ring Bund) မြေကြီး ကျောက်သားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပေပြီ။

ဖြည့်ဆည်းပေး

အဆိုပါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာနေပြည်တော်တိုင်းအတွင်း တည်ရှိသဖြင့် စီမံကိန်းသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးချုပ်မှ တာဝန်ရှိသူများသည် မကြာခဏရောက်ရှိစစ်ဆေးပြီး စီမံကိန်းတစ်ခုလုံး အမြန်ပြီးစီးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပေသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ အလျားပေ၂၅၀၊ အနံပေ ၁၃၀နှင့် အမြင့်ပေ ၁၂၀ရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ယင်းစက်ရုံတွင် စက်တစ်လုံးလျှင် မဂ္ဂါဝပ်၇၀ အင်အားရှိ ဖရန်စစ်တာဘိုင်အမျိုးအစား ဓာတ်အားပေးစက် နှစ်လုံးတပ်ဆင်မည်ဖြစ်ရာ အဆိုပါတာဘိုင်များသို့ တမံအတွင်း သိုလှောင်ထားသည့်ရေများကို ရေယူအဆောက်အအုံရှိ အချင်း ၁၆ပေ၊ အလျားပေ ၄၉၀ရှိ ဖိအားမြင့်ကွန်ကရစ် သံမဏိပိုက်လိုင်းနှစ်လုံးမှ တစ်ဆင့်ရေများပို့လွှတ်ကာ ရေတွန်းအားဖြင့် ဓာတ်အားပေးစက် မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည်ဟုသိရသည်။

ကြိုးပမ်းတည်ဆောက်

ဓာတ်အားပေးစက် နှစ်လုံး၏ စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀မှ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။

ထောက်ကူ

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိလျှပ်စစ်ဓာတ်အား ကီလိုဝပ်၂၈၀ ဓာတ်အားထုတ်လုပ်ပေးနေသော ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ နှစ်စဉ် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုကို တိုးတက်စေသည့်အပြင် ၄င်း စီမံကိန်းအနေဖြင့်လည်း နှစ်စဉ်လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အကျိုးစီးပွားအတွက် အထောက်အကူပြုသော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း — သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့သစ်လုပ်ငန်း သက်ကြီးဆရာများ ကန်တော့ပွဲ

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ အငြိမ်းစားသက်ကြီးဆရာများအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ်၂၁ ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ် ညီလာခံ

အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးညီလာခံကို အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင်(၃၂)ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ၅ရက်၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ တက်ရောက်မည်ဖြစ်သည်။

ပန်းဝါသနာရှင်အသင်း လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ၃၀ရက်မှ ဖေဖော်ဝါရီ၃ရက်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် ပန်းပွဲတော်အတွင်းပွဲ၏ လှုပ်ရှားမှုများကို ရိုက်ကူးရမည့် လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

မုန်တိုင်းနှင့်လူ အိမ်တိုင်ရာရောက် ဖြန့်ချိရောင်းချမည်

စာရေးဆရာ ၄၀တို့က စုစည်းရေးသားထားသော မုန်တိုင်းနှင့် လူ အမည်ရှိစာအုပ်ကို ဖြန့်ချိထားသည်။ မျိုးဆက်သစ်စာပေနှင့် ထွန်းဦးစာပေတို့က အခမဲ့ဖြန့်ဝေပေးပြီးတစ်ဆင့် ပြန်လည်ရောင်းချသူများနှင့် ဝယ်ယူသူများထံ Effort Distribution Service မှ အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ရာ အဆိုပါစာအုပ်ကို လေဘေးသင့်ဒေသများသို့ လှူဒါန်းရန်အတွက် ရောင်းချခြင်းဖြစ်သည်။

မြန်မာ့ရေလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပမည်

မြန်မာ့ရေလုပ်ငန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် ရှေ့အလားအလာများ သုံးသပ်ညှိနှိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ တတိယပတ်တွင် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ စာတမ်းများကို အဆိုပါအဖွဲ့ချုပ်သို့ ပေးပို့ရရန် နှိုးဆော်ထားသည်။

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာစုပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ရုပ်ရှင်/ရုပ်မြင် တည်းဖြတ်ပညာ စာအုပ်ဖြန့်ချိ

ရုပ်ရှင်/ရုပ်မြင်တည်းဖြတ်မှုပညာအခြေခံစာအုပ်ကို ထပ်ဆင့် အကယ်ဒမီ (တည်းဖြတ်) ဦးမြင့်ခိုင်က ရေးသားပြီး စိတ်ကူးချိုချိုအနုပညာစာပေမှ ဖြန့်ချိထားသည်။ အဆိုပါစာအုပ်တွင် နှစ်ပေါင်း ၄၀ကျော် တည်းဖြတ်ခဲ့သော ရုပ်ရှင်/ရုပ်မြင်ဇာတ်ကားများမှ စာရေးသူ၏အတွေ့အကြုံ၊ အယူအဆနှင့် စိတ်ကူးဖန်တီးမှုများကို ဖော်ပြထားသည်။

ရွှေသွေးအထူးထုတ် ၂၀၀၉ ဖြန့်ချိ

ရွှေသွေးဂျာနယ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် ရွှေသွေးအထူးထုတ်စာစောင် ၂၀၀၉ကို ဖြန့်ချိနေပြီဖြစ်ရာ အဆိုပါစာစောင်တွင် ပန်းချီဆရာကြီးများ၏ ခေတ်ဟောင်းလက်ရာများနှင့် ဂျာနယ်တွင် အပတ်စဉ်ရေးသားလျက်ရှိသော ပင်တိုင်ပန်းချီ၊ ကာတွန်း၊ စာမူပညာရှင်များ၏ ဆန်းသစ်သော လက်ရာများကို ဖော်ပြထားပြီး ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၈နှင့် ၂၄၉၀၃၁တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင် ဘူမိဒေသငါးခုခွဲခြား

မြန်မာနိုင်ငံတွင်ရှိသော မြေလွှာမျက်နှာပြင်များကို ဘူမိပတ်ဝန်းကျင်ဒေသငါးခု ခွဲခြားထားကြောင်း ဇန်နဝါရီ ၈ရက်က ကျင်းပသော အင်ဂျင်နီယာစာတမ်းဖတ်ပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။ အဆိုပါ ဒေသငါးခုကို အရောင်ခြယ်၍မြင်သာစေရန် မြေပုံထုတ်ဖော်ဆွဲသားခဲ့ရာ ရခိုင်ကမ်းမြောင်ဒေသကို စိမ်းပြာရောင်၊ ရခိုင်တောင်တန်းဒေသကို အညိုရောင်၊ အလယ်ပိုင်းချိုင့်ဝှမ်းဒေသကို အဝါရောင်၊ တနင်္သာရီဒေသကို နီညိုရောင်နှင့် ကျန်ဒေသများကို ခရမ်းရောင်တို့ဖြင့် ခွဲခြားကာ မြေပုံသစ်ဖော်ထုတ်ပြီး ပြတ်ရွေ့များကို အနက်ရောင်မျဉ်းများဖြင့် ရေးဆွဲခဲ့ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မော်လိုက်ဈေးကြီးအတွင်း အလေးချိန် တင်းတောင်းစစ်ဆေး

မော်လိုက် ဇန်နဝါရီ ၉

မော်လိုက်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အလေးချိန်ခွင်တင်းတောင်းများ မှန်ကန်မှု ရှိမရှိကို ဒီဇင်ဘာ ၁၂ရက်က ဈေးတာဝန်ခံဦးရဲဇော်ရှိန်းနှင့်အဖွဲ့ဝန်ထမ်းများ စစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေက စစ်ဆေးကြီးကြပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရောဂါကင်းစင် စိတ်ကြည်လင်ရေး နေ့စဉ်လမ်းလျှောက်ပေး

၂၂-၁၂-၂၀၀၈ရက်ထုတ် သတင်းစာများတွင် လမ်းလျှောက်ခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ လျော့နည်းနိုင်ဟူသော သတင်းပါလာရာ လမ်းလျှောက်သောကြောင့် မည်သည့်အတွက် ကင်ဆာဖြစ်နိုင်ခြေ လျော့နည်းနိုင်ရသနည်းဆိုသည်ကို သိချင်ကြပေလိမ့်မည်။

အာဖရိကတိုက်မှ မျောက်ကြီးများသည် သစ်တောကြီးများကို စွန့်ခွာ၍ မြက်တောကြီးများအတွင်း ဆင်းနေခဲ့ကြသည်။ သစ်ပင်ပေါ်မှကြည့်လျှင် ရန်သူကို ကြိုမြင်နိုင်သည်။ မြက်တောအတွင်း လေးဖက်ထောက်လျက်ရန်သူကို မမြင်နိုင်။ ထို့ကြောင့် လေးဖက်ထောက်ရာမှ မတ်မတ်ရပ်လိုက်သောအခါမှ မြင်ရသည်။ စိတ်ကဆောင်၍ ရှေ့ခြေကို ကြွကြွကြည့်ရာမှ ရုပ်ကပါ လိုက်ပါလာသောအခါ နှစ်သုံးလေးသန်းအတွင်း ကျင့်ခဲ့မှုကြောင့် နှစ်ကိုးသန်းခန့်တွင် ရာမာပိသိကတ်စ်ခေါ် ခြေထောက်နှစ်ချောင်းနဲ့ မတ်မတ်လျှောက်နိုင်သော လူ့ဘိုးအေ မျောက်ကြီးဖြစ်လာရသည်။

မတ်ရပ်မော့ကြည့်၍ စားလိုသောသတ္တဝါတွေ့ပါက အပြေးလိုက်ဖမ်းစားရသည်။မိမိကိုရန်ပြုမည့် သတ္တဝါဘေးမှကင်းဝေးရန် ပြေးလွှားရသည်။ထိုအခါ ထိုမျောက်ကြီး အသက်ရှင်သန်နေရန်မှာ ခြေထောက်ပေါ် များစွာတည်လာသည်။ သဘာဝကြီးသည် ထိုမျောက်ကြီးပြေးလွှားနိုင်ရန် ခန္ဓာကိုယ်ကို ပြုပြင်ပေးလာရသည်။ ရန်သူအများရှိလေရာ မိမိပြန်တိုက်နိုင်မည့် ရန်သူဖြစ်က ပြန်တိုက်နိုင်ရန်၊ မတိုက်နိုင်က ဘေးလွတ်ရာပြေးရန် တိုက်/ပြေးစနစ်ကိုလည်း တည်ဆောက်ပေးလာသည်။

အသက်ကယ်မည့် ခြေထောက်ဖြင့် လျင်မြန်စွာပြေးနိုင်ရန် တစ်ကိုယ်လုံးရှိ ကြွက်သားများသည် အာဟာရစွမ်းအင်များ လိုအပ်သည်။ ထိုအခါ နှလုံးသည် သွေးကြောမိုင်ပေါင်း ၈၅၀၀၀ မှတစ်ဆင့် ကလာပ်စည်းပေါင်း



သန်း ၁၀၀သို့ သကြား၊ အာဟာရ၊ အောက်ဆီဂျင်နှင့် ခုခံစွမ်းအားစစ်သည်များကို သွက်လက်စွာတွန်းပို့ရသည်။ တစ်ပြိုင်တည်းတွင် အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အူ၊ ပန်ကရိယ စသည်တို့ကလည်း မိမိတို့စွမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ကြရသည်။ ဘေးရန်မှ ကင်းဝေးသွားသောအခါ အရေးပေါ်လုပ်ဆောင်ချက်များမှရပ်၍ ပုံမှန်လုပ်ဆောင်မှုများ ပြုကြရသည်။ စင်စစ်ခြေထောက်ကို အရင်းတည်၍ အန္တရာယ်ထူပြောလှသော လောကကြီးတွင် "တိုက်ခိုက်ရေးသမား"တစ်ဦးအဖြစ် ဖန်တီးပေးခြင်း ဖြစ်သည်။

နှလုံးမှတွန်းပေးသော သွေးများထဲတွင် အောက်ဆီဂျင်များပါသည်။ သွေးနီဥတွင်း၌ရှိသော ဟေမိုဂလိုဗင်က အောက်ဆီဂျင်ကို သယ်ပို့သည်။ အောက်ဆီဂျင် များများရစေရန် အဆုတ်က လေစုပ်၊ လေထုတ်ပေးသည်။ အဆုတ်ကလေစုပ်၊ လေထုတ်နိုင်ရန် ရင်ဝမ်းခြားအရေပြားကြီးက တွန်းပေးရသည်။အစာအိမ်မှဆင်းလာသော အာဟာရများကိုအူသေးတို့ကအဆုံးစွန်ချက်ပြီး ဖြစ်ထွန်းလာသောသကြားကို အူသိမ်တို့ကသွေးအတွင်းသို့တွန်းပို့ပေး၍ ကလာပ်စည်းများ သွေးတွင်းမှ အာဟာရများ စားသုံးကာ အားဖြည့်ရသည်။ နှလုံးကို သွေးတွန်းစက်ဟုခေါ်၍ အူသိမ်များကို သကြားတွန်းစက်ဟု ခေါ်နိုင်သည်။

တတိယတွန်းစက်မှာ ခြေထောက်မှ ကြွက်သားများဖြစ်သည်။ နှလုံးမှ ဆင်းလာသောသွေးများ ခြေထောက်ရောက်ပြီးနောက် သွေးညစ်အဖြစ် နှလုံးသို့ ပြန်လျှင် နှလုံးက စုပ်မယူနိုင်ပေ။ ခြေထောက်ရှိ ကြွက်သားများသည် ညှစ်၍ တွန်းတင်မှ နှလုံးသို့ရောက်ရှိရသည်။ နေ့စဉ်နေ့တိုင်း အစာရှာရန် ပြေးရလွှားရ၊ ရန်သူနှင့်တိုက်ရ၊ ပြေးရနှင့်နေခဲ့ရာ နားရသည် မရှိပေ။ ခေတ္တနားချိန်တွင်မူ အဆုတ်၊ အသည်းနှလုံးတို့မှာ လုပ်ငန်းမှနားခွင့်ရ၍ သွေးလေအာဟာရတွန်းမှုမှ ခေတ္တနားရသည်။

ထိုမျောက်ကြီးသည် နှစ်သန်းပေါင်းများစွာကြာပြီးနောက် ဆင့်ကဲတိုးတက်လာသောအခါ လွန်ခဲ့သည့်နှစ် တစ်သောင်းခန့်မှစ၍ လူဟူ၍ မြို့တည်ရွာတည်၊ အိုးအိမ်ထူထောင်ကာ တစ်ဝမ်းတစ်ခါးအလို့ငှာ အသက်လု တိုက်ပြေးမနေရတော့ဘဲ စိုက်ပျိုးမွေးမြူ စားသောက်လာ တတ်ပေသည်။ ဘီးကို တီထွင်ခြင်း၊ နွားကို ခိုင်းတတ်ခြင်း၊ မြင်းကို ခိုင်းတတ်၊ စီးတတ်ခြင်းမှစ၍ လူသားတို့သည် ခြေထောက်ကို အသုံးပြုမှု နည်းပါးလာခဲ့ပေသည်။

သိပ္ပံနှင့်နည်းပညာခေတ် ထွန်းကားလာသောအခါ မော်တော်ကား၊ ရထား၊ သင်္ဘော၊လေ့၊ ဓာတ်လှေကားစသည်တို့ဖြင့် သွားလာလှုပ်ရှားနေခဲ့ကြရာ ခြေထောက်ကို လွန်စွာအသုံးနည်းလာကြသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းလာသည်။ အဆီအအိမ့်အစားများလာသည်။ ထိုအခါ ရှေးကကဲ့သို့ သွက်လက်လှုပ်ရှားမှုမျိုးများမရှိတော့သောအခါ ခန္ဓာအစိတ်အပိုင်းများမှာ တည်ဆောက်ထားသည့်အတိုင်း သွက်သွက်မလှုပ်ရှားနိုင်တော့ချေ။ ဤသို့ ဆိုးကျိုးများခံစားလာကြရတော့သည်။

သိပ္ပံမှုုးတင်

အဆီအအိမ့် အစားလွန်သောအခါ သဘာဝအတိုင်း လောင်ကျွမ်းမှုမပြုလျှင် အဆီများသည် သွေးကြော၊ အသည်းနှလုံးတို့တွင် စုကပ်ပြီး အသည်းနှလုံး သွေးကြောများတွင်ဆို့၍ သွေးတိုး လေဖြတ်ရောဂါများ ဖြစ်လာရသည်။ သွေးလေ မမှန် ဖြစ်လာရသည်။ နှလုံးညှစ်အား လျော့လျော့လာသည်။ ထိုအခါ ကလာပ်စည်းအများသို့ အောက်ဆီဂျင်၊ သကြားနှင့် ခုခံအားတို့ အရောက်နည်းသောအခါ ရောဂါထူလာရသည်။ ခြေသလုံးကြွက်သားများ ပျော့လာသောအခါ နှလုံးသို့ သွေးတွန်းပို့အား နည်းလာသည်။

လူ့ခန္ဓာ၏ ကလာပ်စည်းပေါင်း သန်းတစ်ရာကို ပြင်ပရောဂါပိုးများရန်မှ ကာကွယ်ရန် ခုခံအားစစ်သည် သန်းပေါင်းတစ်သန်း ရှိသည်။ အကြမ်းအားဖြင့် ကလာပ်စည်း ၁၀ခုကို ခုခံအားစစ်သည်တစ်ဦးက စောင့်ကြပ်ပေးသည်ဟုဆိုနိုင်သည်။ လူ့ကလာပ်စည်းများသည် အချိန်မှန် ဖြစ်ပျက်နေရာ ဖြစ်ပျက်မှုမှန်နေသရွေ့ ခုခံအားတို့က ကြည့်နေကြသည်။ ဥပမာ- အဆုတ်ကလာပ်စည်းများ ဖြစ်နေ၊ ပျက်နေသည်ကို စောင့်ကြည့်နေပြီး ကလာပ်စည်းတစ်ခုက ထူး၍ ဖြစ်ပျက်မှ ဖြစ်ဖြစ်ပျက်ပျက်ဟူ၍ စည်းချက်မှားသည်ကို ခုခံအားတို့က ချက်ချင်းသိသည်။ ဖြစ်ဖြစ်ဟု အဖြစ်မြန်နေသော ကလာပ်စည်းကို ကင်ဆာ ကလာပ်စည်းဟုခေါ်သည်။ ထိုအခါခုခံအားတို့သည် အဖြစ်မြန်နေသည့် ကလာပ်စည်းကို ချက်ချင်းသုတ်သင်၍ ကင်ဆာဖြစ်မှုမှ ကာကွယ်နိုင်စွမ်းများရှိသည်။

ပြေးလွှားလှုပ်ရှားနေချိန်တွင် နှလုံးတွန်းအားကောင်း၍ သွေးများ ကလာပ်စည်းတွင်းတို့သို့ ရောက်သည်။ အင်္ဂါအစွန်အဖျားများရှိ ကလာပ်စည်းတွင်းသို့ပင်ရောက်သည်။ မလှုပ်မရှားနေသောအခါအစွန်အဖျား ကလာပ်စည်းများသို့ ခုခံအားတို့လည်း အရောက်နည်းသည်။ ထိုအခါ ကလာပ်စည်းတို့ ဖောက်ပြန်ပြီး စည်းချက်ပျက်ကာ အဖြစ်များနေသည်ကို အလွယ်နှင့်မသိနိုင်ဘဲ ကြာပြီး မြင်းဖုကင်ဆာဖြစ်မှ သိရသောအခါ နောက်ကျသွားပြီ ဖြစ်သည်။

ယခု ဒီဇင်ဘာလ အားကစားရာသီတွင် စုပေါင်းလမ်းလျှောက်၊ စုပေါင်းကျန်းမာရေး လေ့ကျင့်ကြရသည့် အကြောင်းရင်းမှာ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခဲ့၍ ခန္ဓာတွင်းသွေးလေမမှန်ဖြစ်ကာ ရောဂါဘယထူမှုမှ ကင်းဝေးရန် ဖြစ်ပေသည်။ လမ်းလျှောက်သည်နှင့် သွေးလေမှန်မည်။ ကြွက်သားများ တင်းမာမည်၊ ခန္ဓာတွင်းမှ တွန်းစက်များ ပုံမှန်တွန်းပို့နေမည်။ စားဝင်မည်၊ အိပ်ပျော်မည်၊ စိတ်ချမ်းသာမည်၊ ကိုယ်ကျန်းမာမည်၊ စိတ်ဖိစီးမှုများမှ ကင်းဝေးမည်။ သင့်တင့်သောနေရောင်ခြည်ရက ကိုယ်ပေါ်မှ ရောဂါပိုးများ သေမည်၊ ဗီတာမင်ဒီများ ဖြစ်ပေါ်မည် စသည့် ကောင်းကျိုးများ ရရှိကြမည် ဖြစ်သည်။

လမ်းလျှောက်သည်နှင့် နှလုံးတွန်းအားပြည့် တွန်းပေးသောကြောင့် ခုခံအားများ ကလာပ်စည်းတိုင်းသို့ရောက်ပြီး ကင်ဆာဖြစ်ရန်အစပျိုးပြီး အဖြစ်မြန်နေသည့် ကလာပ်စည်းကို ချက်ချင်းသုတ်သင်ခြင်းဖြင့် ကင်ဆာကို ကာကွယ်နိုင်ရခြင်း ဖြစ်သည်။ ကျန်းမာရေးလေ့ကျင့်လျှင် အမျိုးသမီးများ ရင်သားကင်ဆာဖြစ်မှုမှ ကာကွယ်နိုင်သည်ဆိုသည်ကို သိရှိလာကြသည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။

ဒီဇင်ဘာလတွင် စုပေါင်းလမ်းလျှောက် လေ့ကျင့်ခြင်းမှသည် လတိုင်း ယခုကဲ့သို့ စုပေါင်းလမ်းလျှောက်မှု၊ စုပေါင်းအားကစားလေ့ကျင့်မှု၊ ကစားကွင်း အများအပြားထူထောင်၍ နေ့စဉ်အားကစားလေ့ကျင့်နိုင်ရန် အားပေးလှုံ့ဆော်မှုများ ပြုပေးနိုင်ပါက ကင်ဆာအပါအဝင် အခြားရောဂါများကိုပါ ကာကွယ်နိုင်ပြီး အသက်ရှည်ရောဂါကင်း စိတ်ကြည်လင် အသက်ရှည်နိုင်ကြမည် ဖြစ်ပေသည်။ မမေ့မလျော့သာ အားထုတ်ရန် လိုအပ်၍ အားထုတ်နိုင်ကြပါစေကြောင်း နှိုးဆော်လိုက်ရပါသည်။ ။

နေ့စဉ် အားကစား လေ့ကျင့်နိုင်ရန် အားပေးလှုံ့ဆော်မှုများ ပြုပေးနိုင်ပါက ကင်ဆာအပါအဝင် အခြားရောဂါများကိုပါ ကာကွယ်နိုင်ပြီး အသက်ရှည်ရောဂါကင်း စိတ်ကြည်လင် အသက်ရှည်နိုင်ကြမည်ဖြစ်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

ကျောင်းကုန်းမြို့နယ် ဇီးချောင်-ရှင်ပြန် ကျေးလက်တံတားသစ်ဖွင့်

ကျောင်းကုန်း ဇန်နဝါရီ ၉

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇီးချောင်-ရှင်ပြန် ကျေးလက်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်၈ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဇီးချောင်ကျေးရွာရှိ အဆိုပါတံတားသစ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် ကျေးရွာရပ်မိရပ်ဖ ဦးရွှေရင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ဆက်လက်၍ ဖွင့်ပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးညိုဝင်းဌေးက တံတားသစ်၏ အကျိုးသက်ရောက်မှုနှင့် ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဇီးချောင်-ရှင်ပြန်ကျေးလက် တံတားသစ်မှာ အရှည် ပေ၁၀၀၊ အကျယ်၁၀ပေ၊ အမြင့် ပေ၃၀ရှိပြီး ကျောင်းကုန်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ အိမ်မဲမြို့နယ်တို့နှင့် ဆက်စပ်နေသည့် အဓိကအရေးပါသည့် ကျေးရွာပေါင်း ၂၀ကျော်မှ လွယ်လင့်တကူ ဆက်သွယ်ဖြတ်သန်းသွားနိုင်သည့် တံတားဖြစ်ပြီး တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးရေးငွေကျပ် ၁၀သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၆၀၀၀၀ စုစုပေါင်းငွေကျပ် ၂၁၆၀၀၀၀ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့သည့် တံတားဖြစ်သည်။

<u>ကြည့်ရှု</u>

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျောင်းကုန်းမြို့နယ် ထန်းတပင်-တောင်ယာစု ကျေးရွာချင်းဆက်တံတားသစ် အလျားပေ၁၆၀၊ အကျယ်ခြောက်ပေ၊ အမြင့်ပေ ၄၀ရှိ ငွေကျပ်သိန်း၂၀ဖြင့် အကုန်အကျခံ ဆောက်လုပ်ပြီးသည့် တံတားကိုကြည့်ရှုကြောင်း သိရသည်။ (၁၅၄)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ အချိန်မီလှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **'ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး'** အား နေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်အမီပြီးစီးအောင် တည်ထားပူဇော်လျက်ရှိပါသည်။

ရဟန်းရှင်လူ ပြည်သူများကလည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အားတက်သရော ပါဝင်လှူဒါန်း ပူဇော်လျက်ရှိကြပါသည်။

ရွှေသက်န်းကပ်လှူရန် ရွှေပြားလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလမကုန်မီအတွင်း ထည့်ဝင်လှူဒါန်းသူများအား ရွှေစင်ရွှေပြားပေါ်တွင် သက်ဆိုင်ရာ အလှူရှင်အမည်ကို ကမ္ပည်းရေးထိုး၍ ဖေဖော်ဝါရီလအပြီး ကပ်လှူပူဇော်ပေးသွားမည်ဖြစ်ပါကြောင်း စေတနာရှင် ရဟန်းရှင်လူပြည်သူ အပေါင်းအား အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်းနေ ဦးအောင်သန်း-ဒေါ်တင်ညိမ်းတို့၏ သားထွေး

မောင်ဖြိုးဝေအောင် Future Net Internet Cyber, 2 nd Year (Physics)

နှင့်

ဖြူးမြို့၊ ဈေးရပ်ကွက်၊ ပဲခူးလမ်းတောင်ပိုင်းနေ ဦးသိန်းနိုင်(သူဇာ-ဓာတ်ပုံ)-ဒေါ်ခင်ဝေ (ဝေကမ္ဘာဓာတ်ပုံ)တို့၏သမီးလတ်

မညိမ့်ညိမ့်ကလျာ B.Sc (Zoology), Dip in Computer Studies

တို့၏ ဖြူးမြို့၊ စေ့စပ်ပွဲအခမ်းအနားနှင့် Central Hotel ၌ပြုလုပ်သော စေ့စပ်မင်္ဂလာ ညစာစားပွဲသို့ တက်ရောက်သော နှစ်ဖက်မိဘဆွေမျိုးများ၊ဂုဏ်သရေရှိ လူကြီးမင်းများနှင့် သူငယ်ချင်း မိတ်သင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပြီး စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဖြိုးဝေအောင် - မညိမ့်ညိမ့်ကလျာ။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၇ခုနှစ် အမျိုးသားစာပေ "သုတပဒေသာအသုံးချသိပ္ပံ"ဆုရ ဖခင်ဖြစ်သူ **ဒေါက်တာချစ်** နှင့် ၂၀၀၇ခုနှစ် အမျိုးသားစာပေ "မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ" စာပေဆုရ သမီးဖြစ်သူ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (တောင်ပိုင်း)မှ **ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်** တို့ နှစ်ဦးလုံး ရရှိခဲ့သည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

ဝန်ထမ်းမိသားစု
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း)။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် (ဥပုသ်နေ့)
၁၀-၁-၂၀၀၉ ရက်(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော် ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားဖို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	**သတိတစ်ချက် တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၈း၁၅	၇။	ကဗျာပန်းဥယျာဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	Yan Can Cook
၁၁း၄၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၄၀	၅။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၃း၀၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ**(အပိုင်း-၁၂)
၁၃း၅၀	၇။	ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ (Telematch)
၁၄း၃၅	၈။	အဆိုပြိုင်ပွဲ
၁၄း၄၅	၉။	International News

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၂၀	၂။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀	၃။	နားဝင်ပီယံသူ့လက်သံ
၄း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၆။	တေးဂီတအစီအစဉ်
၅း၂၀	၇။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၂၅	၈။	မြန်မာ့ဓလေ့ရိုးရာ လက်ဇော့
၅း၃၅	၉။	တေးဂီတအစီအစဉ်
၅း၄၅	၁၀။	**အမျိုးနှင့် မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဇော်ဝင်းနိုင်(အနုပညာ (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၂၀	၁၂။	မိုးလေဝသအခြေအနေ
၆း၂၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀	၁၄။	ပဋ္ဌလက်ကျောင်းတော်
၇း၂၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၉)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁)
	၂၀။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၁။	အစီအစဉ်ပြီး၏။

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၉)ဖြင့် သုဓမ္မမဏိဇောတရောဘွဲ့ ချီးမြှင့်ခြင်းခံရသည့် **ဦးစိုးနိုင်(အုပ်ချုပ်မှုဒါရိုက်တာ၊ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ)** အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဂေါပကအဖွဲ့ဝင်များနှင့်
ဝန်ထမ်းများ
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်။

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော **မမ မစန်းစန်းမော်(ဒါရိုက်တာ၊ စံပြရွှေငါးကုမ္ပဏီလီမိတက်)** အား လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကိုဌေးဝင်း-မမီးမီးမိသားစု
ငါးမွေးမြူရေးလုပ်ငန်း
ဇွဲပကစ်ကျေးရွာ၊ မအူပင်မြို့။

ကျော်ဖုံးမှ

ရုပ်ရှင်၊ တေးဂီတ၊ အားကစားနှင့် အခြားအစီအစဉ်များကို အင်တာနက်ဝက်ဘ်ဆိုက် အသီးသီးမှ ဖမ်းယူကြည့်ရှုနိုင်အောင် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဖမ်းယူနိုင်

အင်တာနက်ရုပ်မြင်သံကြားကို ထုတ်လုပ်ရာတွင် အယ်လ်စီဒီရုပ်မြင်သံကြားများ၊ ရိုးရိုးရုပ်မြင်သံကြားနှင့် ဒီဗွီဒီစက်များ၌ တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသော ဝက်ဘ်ဆိုက်များနှင့် ချိတ်ဆက်ဖမ်းယူ ကြည့်ရှုနိုင်ရန် အဆင့်မြင့်ဆုံး တီထွင်ထားခြင်းပင်ဖြစ်သည်။

ဓာတ်အားပမာဏ

အင်တာနက်ရုပ်မြင်သံကြားကို ကြည့်ရှုခြင်း၊ သတင်းဓာတ်ပုံများကို ထုတ်ယူခြင်းများအား အသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏမှာ ကီလိုဝပ် အနည်းငယ်သာ ကုန်ကျနိုင်အောင် နည်းပညာထည့်သွင်း အသုံးပြုထားသည်။ ဝက်ဘ်ဆိုက်များကို ချိတ်ဆက်အသုံးပြုရာတွင် အလွန်လျင်မြန်သောနှုန်းဖြင့် အတားအဆီးမရှိ လက်ခံရယူဖွင့်ကြည့်နိုင်အောင် အိုင်စီတီ နည်းပညာသစ်များ ထည့်သွင်းထားသည်ဟု ဆို၏။

ထို့အတူ ရုပ်မြင်သံကြားကြည့်ရှုစဉ် အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုခုကို ရုပ်မြင်သံကြားဖန်သားပြင်၏ လေးပုံတစ်ပုံခန့် ထောင့်နေရာ၌ တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်အောင်လည်း နည်းပညာထည့်သွင်းထားသည်။

အဝေးထိန်းကိရိယာ

အင်တာနက်ဝက်ဘ်ဆိုက်များကို ပြောင်းလဲလိုလျှင်လည်းကောင်း၊ ရုပ်မြင်သံကြားလိုင်းများ ပြောင်းလဲကြည့်ရှုလိုလျှင်လည်းကောင်း အဝေးထိန်းကိရိယာကို သီးခြားပြောင်းလဲစရာမလိုဘဲ တစ်ခုတည်းနှင့် ပူးတွဲအသုံးပြု ကြည့်ရှုနိုင်သည်ဟုဆိုသည်။

အင်တာနက်ရုပ်မြင်သံကြားကို ထုတ်လုပ်ရာတွင် သုံးစွဲသူများအတွက် အထူးအလေးပေးပြီး တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ရာ ရုပ်မြင်သံကြားနှင့် ပတ်သက်သည့် မိုက်ခရိုချစ်ပြားများ၊ အင်တာနက်အသုံးပြုရန်လိုအပ်သည့် စွမ်းအားမြင့်အိုင်ကွန်များ၊ ဆားကစ်ပြားများ၊ ရုပ်နှင့်အသံများကို ပံ့ပိုးပေးသည့် မှတ်ဉာဏ်အရည်များအား စနစ်တကျ ထည့်သွင်းထားသည်။

ယခုအသုံးပြုသည့် နည်းစနစ်အောင်မြင်ပါက ယင်းနည်းစနစ်ကို အခြေခံပြီး ရုပ်မြင်သံကြား မည်သည့်အမျိုးအစားမဆို အင်တာနက်တွဲကာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

အင်တာနက်ရုပ်မြင်သံကြားကို ဤသို့တွေ့ရသည်။

အင်တာနက်ရုပ်မြင်သံကြားများကို ထုတ်လုပ်ရာတွင် အရုပ်များကြည်လင်ပြတ်သားမှု၊ အသံထွက် ပီပြင်သဲကွဲမှု၊ တေးဂီတသံစဉ်များ သာယာနာပျော်ဖွယ် ကြည့်ရှုခံစားနိုင်စေမှုများ ဖြစ်စေရန် ငါးနှစ်ကြာ သုတေသနပြု ထုတ်လုပ်ထားခြင်းဖြစ်သည်။

အင်တာနက် ရုပ်မြင်သံကြား၏ အရည်အသွေး မြင့်မားစေရန် တိုရှီဘာ၊ ဆိုနီ၊ အိုင်ဘီအမ်၊ အင်တယ်လ်၊ ယဟူး စသည့် နည်းပညာများကို ရယူပေါင်းစပ် အခြေပြုကာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ အင်တာနက် ရုပ်မြင်သံကြားသည် ရုပ်မြင်သံကြားအစီအစဉ် သို့မဟုတ် အင်တာနက်အစီအစဉ်များကိုကြည့်ရှုပြီး ပိတ်ရန်အတွက်ကိုလည်း အလိုအလျောက် ပိတ်သွားနိုင်အောင် နည်းပညာ ထည့်သွင်းထားသည်။

ပိုမိုအရေးပါ

အင်တာနက်ရုပ်မြင်သံကြားအသုံးပြုခြင်းသည် ရုပ်မြင်သံကြားနှင့် အင်တာနက် သီးခြားစီတစ်လုံးချင်းထားရှိစရာမလိုသဖြင့် ငွေကုန်ကျမှုနည်းပြီး အသုံးဝင်မှုအပိုင်း၌ ပိုမိုအရေးပါအရာရောက်စေသဖြင့် ကမ္ဘာတစ်ဝန်း အချိန်တိုအတွင်း အသုံးပြုသူ များပြားလာမည်ဖြစ်သည်။

လောလောဆယ်တွင် အင်တာနက် ရုပ်မြင်သံကြားများကို အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့၌ ယခုသီတင်းပတ်အတွင်း ပြသမည့် နိုင်ငံတကာ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများပြပွဲ၌ မိတ်ဆက်ပြသပေးသွားတော့မည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ကျော်ဖုံးမှ

အလေးချိန် ဂရမ်၄၈၀ရှိသော ဖရဲသီးတစ်လုံးတွင် ကယ်လိုရီ ၁၅၈ရာခိုင်နှုန်း၊ ပရိုတင်း သုံးဂရမ်နှင့် ကာဗွန်ဟိုက်ဒရိတ် ၃၄ဒသမ ၆ဂရမ်၊ အမျှင်ဓာတ် ၄၇ မီလီဂရမ်၊ ပိုတက်ဆီယမ် ဂရမ် ၅၆၀၊ ဗီတာမင်စီ ၄၇မီလီဂရမ်တို့ပါဝင်ကြသည်။ ထို့အပြင် ဗီတာမင်စီ ဝဒသမ ၃မီလီဂရမ်နှင့် သီရာမင် ဝဒသမ၁ဂရမ်တို့လည်း ပါဝင်သည်။

ကာကွယ်နိုင်

ဖရဲသီးကိုသီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့်ပုံမှန်စားသုံးပေးပါက အသည်းခြောက်ခြင်းကိုကာကွယ်ပေးနိုင်သည့် အပြင် ကျောက်ကပ်ကျန်းမာရေး ကောင်းမွန်စေရန်လည်း အထောက်အကူပေးကြောင်း၊ အထူးသဖြင့် အနီရောင် ဖရဲသီးများက ကျန်းမာရေးကိုပိုမို အကျိုးပြုစေကြောင်းသိရသည်။

ထားဝယ်မြို့၌ မီးလောင်မှုဖြစ်ပွား နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

ရန်ကုန် ဇန်နဝါရီ ၉

တနင်္သာရီတိုင်း ထားဝယ်မြို့ စမ်းကြည်ရပ်ကွက် ကမျောကင်းလမ်း၌ ယမန်နေ့ ညနေ ၅နာရီခွဲက ဓာတ်ဆီပုံး အနီး ဖယောင်းတိုင်မီး ထွန်းညှိရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ရှင်အမျိုးသားတစ်ဦး ခြေလက်များ မီးလောင်ခံရသဖြင့် (မစိုးရိမ်ရ) ဒဏ်ရာရရှိ၍ ဆေးရုံတင်ပို့ကုသပေးလျက်ရှိကြောင်း၊ အိမ်ထောင်စုနှစ်စုမှ အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန် စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစား သတင်း အတိုအထွာ

- ***ကားလင်းဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်၌ အဝေးကွင်းတွင် ဒါဘီကို ရှုံးခဲ့ရခြင်းမှာ ချယ်လ်ဆီးနှင့် ပွဲအတွက် အင်အားချွေတာခြင်း ဖြစ်ကြောင်း၊ သို့သော် ဒါဘီအသင်း ကစားပုံ ကောင်းကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။***

- *မန်ယူနှင့် ချယ်လ်ဆီးတို့ပွဲကို မိမိသွားရောက် ကြည့်ရှုရန် စီစဉ်ထားခြင်းမှာ လက်ရှိမန်ယူ ခြေစွမ်းသည် ပြိုင်ဘက်အသင်းကောင်းများနှင့် တွေ့လျှင် မည်သို့ ခြေစွမ်းရှိသည်ကို သိလို၍ ဖြစ်ကြောင်း၊ ထို့အပြင် မန်ယူနှင့် ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ်၌ မန်ယူ အပေါ် ဂိုးပြတ်သွင်းယူနိုင်မှု ရှိမရှိကို သုံးသပ်လို၍ ဖြစ်ကြောင်း အင်တာမီလန်နည်းပြ မော်ရင်ဟိုက ပြောကြားသည်။*

- ***၂၀၁၀ ကမ္ဘာ့ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တောင်အာဖရိက နိုင်ငံအနေဖြင့် အားကစားကွင်းများကို အမြန်ဆုံး အပြီးသတ် တည်ဆောက်ရန် လိုအပ်ကြောင်း၊ တိုးတက်မှု နှေးကွေးနေကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက တိုက်တွန်းပြောကြားသည်။***

- *ကမ္ဘာ့တင်းနစ် အကျော်အမော်တစ်ဦးဖြစ်သူ ရှာရာပိုဗာက ၂၀၀၉ခုနှစ်၌ ပွဲစဉ်အားလုံးဝင်ရောက်ယှဉ်ပြိုင်၍ ဆုဖလားများရယူကာ ကမ္ဘာ့အဆင့်တစ်တင်းနစ်သမားအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးစားသွားမည်ဟု ပြောကြားသည်။*

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားများ

မောင်မောင်မြင့်ဆွေ-ရေးသားတင်ပြ၍ — သောင်းရွှေ- စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၉

ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဘောလုံးသမားတွေရဲ့စာရင်းကို ဖိုးဖိုးတူးဘောလုံးမဂ္ဂဇင်းက သုတေသနပြုစာရင်းထုတ်ပြန်လိုက်တဲ့အခါ မန်ယူဘောလုံးသမားအချို့ဟာ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားတွေအဖြစ်ပါဝင်နေတာကိုတွေ့ရပါတယ်။

၃၈ဦးမြောက် အချမ်းသာဆုံး

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမား ၂၀ရဲ့စာရင်းထဲမှာ ထိပ်ဆုံးကတော့ မန်ယူကစားသမားဟောင်းနဲ့ ဂလက်စီအသင်းကွင်းလယ်ကစားသမားအပြင် လက်ရှိ အေစီမီလန်အသင်းကို သုံးလတာအငှားစာချုပ်နဲ့ လာရောက်ကစားနေတဲ့ ဒေးဗစ်ဘက်ဟမ်းပဲ ဖြစ်ပါတယ်။ ဒေးဗစ်ဘက်ဟမ်းဟာ လက်ရှိအနေအထားမှာ ပေါင် ၁၂၅သန်းပိုင်ဆိုင်ပြီး ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေထဲမှာ ၃၈ဦးမြောက် အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဒုတိယ

ဒုတိယအချမ်းသာဆုံးကစားသမားကတော့ အင်္ဂလန်နဲ့ နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်ဖြစ်ပြီး ငွေကြေး ပေါင်သန်း ၄၀ပိုင်ဆိုင်တယ်လို့ ဆိုပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး အနေနဲ့ တွက်ရင်တော့ မိုက်ကယ်အိုဝင်ဟာ အဆင့် ၅၆နေရာမှာ ရပ်တည်နေသူဖြစ်ပါတယ်။

တတိယမြောက်

တတိယမြောက် အချမ်းသာဆုံး ဘောလုံးသမားကတော့ အင်္ဂလန်နဲ့ မန်ယူ တိုက်စစ်မှူး ရွန်နေပဲဖြစ်ပါတယ်။ ရွန်နေရဲ့ပိုင်ဆိုင်မှုက ပေါင် ၃၅သန်းဖြစ်ပြီး အရပ်ရပ်ဝင်ငွေအပြင် အိုးအိမ်နဲ့ မော်တော်ယာဉ်ပိုင်ဆိုင်မှုတွေပါ ထည့်ပေါင်းရင် ဒီထက်မက များပြားတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းမှာတော့ ရွန်နေက ၆၁ဦးမြောက် အချမ်းသာဆုံးဖြစ်ပါတယ်။

စတုတ္ထမြောက်

စတုတ္ထမြောက် အချမ်းသာဆုံး ဘောလုံးသမားကတော့ အင်္ဂလန်နဲ့ မန်ယူနောက်ခံလူ ဖာဒီနန်ပဲဖြစ်ပါတယ်။ ဖာဒီနန်ဟာ လောလောဆယ် ပေါင်၂၈သန်းပိုင်ဆိုင်ပြီး ကြော်ငြာဝင်ငွေနဲ့ ရုပ်/သံ ဝင်ငွေတွေပါ ထည့်ပေါင်းရင် ဒီထက်မက ငွေကြေးတွေ လက်ဝယ်မှာရှိနေတယ်လို့ ဆိုပါတယ်။ ဖာဒီနန်ရဲ့ ငွေကြေးချမ်းသာမှုဟာ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းမှာတော့ ၆၉ဦးမြောက် ချမ်းသာကြွယ်ဝတဲ့သူ တစ်ဦးအဖြစ် သတ်မှတ်ခံထားရပါတယ်။

၇၇ဦးမြောက်

ဝေလနဲ့ မန်ယူတောင်ပံကစားသမား ဂစ်ကတော့ လက်ရှိပေါင် ၂၃သန်းပိုင်ဆိုင်ထားတာမို့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားတွေထဲမှာတော့ သတ္တမနေရာကို ရယူထားနိုင်သူဖြစ်ပါတယ်။ ရိုင်ယန်ဂစ်ကတော့ လက်ရှိငွေကြေးပမာဏဟာ သူ့ရဲ့ပိုင်ဆိုင်မှု အကုန်ဖြစ်ပါတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေထဲမှာတော့ ဂစ်က ၇၇ဦးမြောက် အချမ်းသာဆုံးအဖြစ် သတ်မှတ်ထားခြင်း ခံရပါတယ်။

ဒုတိယအများဆုံး

ပေါ်တူဂီနဲ့ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကတော့ လက်ရှိအခြေအနေမှာ ပေါင်၁၈သန်းပိုင်ဆိုင်ထားတာမို့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားတွေထဲမှာ အဆင့် ၁၁နေရာမှာ ရပ်တည်နေပါတယ်။ ဒါပေမယ့် စီရိုနယ်ဒိုရဲ့ လက်ရှိအရပ်ရပ်ဝင်ငွေကတော့ ဒေးဗစ်ဘက်ဟမ်းပြီးရင် ဒုတိယအများဆုံးလို့ဆိုပါတယ်။

အဆင့် ၈၇ နေရာမှာရှိ

စီရိုနယ်ဒိုဟာ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းမှာ ဆိုရင်တော့ အဆင့် ၈၇ နေရာမှာ ရှိနေပါတယ်။ စီရိုနယ်ဒို လက်ရှိစီးနေတဲ့ မော်တော်ယာဉ်နဲ့ အင်္ဂလန်မှာ ဝယ်ယူထားတဲ့ အိမ်ရဲ့ တန်ဖိုးတွေ ထည့်ပေါင်းရင်တော့ အခုငွေကြေးထက် များပြားတဲ့ ပမာဏ ရှိတယ်လို့ ဆိုပါတယ်။

အဆင့် ၁၆မှာရပ်တည်

ကျန်တဲ့ မန်ယူကစားသမားတွေထဲမှာတော့ တိုက်စစ်မှူး ဘာဘာတော့ဗ်က ပေါင် ၁၃သန်းနဲ့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမားအဖြစ် အဆင့် ၁၆မှာ ရပ်တည်နေပြီး နောက်ခံလူ နဗီးလ်ကတော့ ပေါင် ၁၁ဒသမ၇၅သန်းနဲ့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးသမား ၂၀ဦးမြောက်အဖြစ် ရပ်တည်နေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အူလ်စိန်ဘော့ မီတာ ၁၀၀ အပြေးစံချိန်ထပ်တင်မည်

ဂျမေကာ ဇန်နဝါရီ ၉

လက်ရှိမီတာ၁၀၀ အပြေးချန်ပီယံ ဂျမေကာအပြေးသမား အူလ်စိန်ဘော့သည် ကမ္ဘာ့စံချိန် ၉ဒသမ ၇၆စက္ကန့်ဖြင့် ၎င်းတင်ထားခဲ့သော စံချိန်ကို လာမည့်နိုင်ငံတကာ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ထပ်မံချိုးနိုင်ရန် ကြိုးစားသွားမည်ဟု ဇန်နဝါရီ ၈ရက်က ထုတ်ဖော်ပြောကြား လိုက်သည်။

ကမ္ဘာ့စံချိန်ချိုးသွားမည်

အူလ်စိန်ဘော့သည် မီတာ ၂၀၀ကို ယခင်က ၁၉ ဒသမ ၃၀စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ပြီး ယခုအခါ ၁၉ဒသမ ၇၅စက္ကန့် ကမ္ဘာ့စံချိန်တင်ထားခဲ့သူလည်းဖြစ်သည်။ ၎င်းအနေဖြင့် မီတာ ၁၀၀၊ မီတာ ၂၀၀နှင့် မီတာ ၄၀၀လက်ဆင့်ကမ်းပြိုင်ပွဲများ၌ ကမ္ဘာ့စံချိန် ချိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လေ့ကျင့်မှုများပြုလုပ်

ယခုအခါ လေ့ကျင့်မှုများအပြင်းအထန်ပြုလုပ်နေပြီဖြစ်ပြီး လက်ရှိစံချိန်ထက် သာလွန်ကောင်းမွန်သော စံချိန်များရရှိထားပြီဖြစ်ကြောင်း၊ ထို့ကြောင့် စံချိန်သစ်များ ထပ်မံချိုးသွားမည်ဖြစ်ကြောင်း အူလ်စိန်ဘော့က ပြောကြားသည်။

(အင်တာနက်)

စီရိုနယ်ဒို ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့

လန်ဒန် ဇန်နဝါရီ ၉

မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ဇန်နဝါရီ၈ရက် နံနက်က လေ့ကျင့်ကွင်းသို့အသွား ၎င်း၏မော်တော်ယာဉ် မတော်တဆ ဖြစ်ခဲ့ကြောင်း မန်ယူကလပ်က သတင်းထုတ်ပြန်သည်။

မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုမှာ မန်ချက်စတာလေဆိပ်အနီး ဥမင်တစ်ခု၏ ဘေးအရံအတားနှင့် စီရိုနယ်ဒို၏ ကားတိုက်မိခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုမှာ ကံကောင်းစွာ ဒဏ်ရာမရရှိခဲ့ဟုဆိုသည်။ (အင်တာနက်)

တရုတ်တန်းကျော် အပြေးသမားလူစင်း နွေရာသီကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲနှင့်လွဲမည်

ပေကျင်း ဇန်နဝါရီ ၉

တရုတ် တန်းကျော်အပြေးသမားနှင့် ကမ္ဘာ့စံချိန်ရှင် လူစင်းသည် ခြေထောက်ဒဏ်ရာကြောင့် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မကြာမီကျင်းပမည့် နွေရာသီ

ကမ္ဘာ့ပြေးခုန်ပစ် ပြိုင်ပွဲနှင့် လွဲဖွယ်ရှိကြောင်း လူစင်း၏ နည်းပြစန်ဟေပင်းက ဇန်နဝါရီ ၈ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ရွှေတံဆိပ်ရရှိထား

အသက် ၂၅နှစ်အရွယ် လူစင်းသည် ပြီးခဲ့သည့် ပေကျင်းအိုလံပစ်ပြိုင်ပွဲ မီတာ ၁၁၀တန်းကျော်ပြေးပွဲ၌ ၁၃ ဒသမ ၂၀ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန် တင်ထားနိုင်သူဖြစ်သည်။ ထို့အပြင် လူစင်းသည် ၂၀၀၄ အေသင်အိုလံပစ်ပွဲတော်၌လည်း မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ရွှေတံဆိပ်ရရှိထားသူဖြစ်သည်။

ခွဲစိတ်ကုသရမည်

လူစင်း၏ဒဏ်ရာမှာ ခွဲစိတ်ကုသရမည်ဖြစ်ရာ လာမည့် ၂၀၁၂ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော်၌သာ ပါဝင်ဆင်နွှဲခွင့် ရနိုင်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

စိန်ခေါ်သူဟာရေးက ချန်ပီယံ ကလစ်ရှကိုနှင့် ထိုးသတ်လို

လန်ဒန် ဇန်နဝါရီ ၉

ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်နှင့် နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ်တို့၏ ချန်ပီယံဖြစ်သူ ကလစ်ရှကိုနှင့် မိမိထိုးသတ်လိုကြောင်း စိန်ခေါ်သူ ဟာရေးက ဇန်နဝါရီ ၈ရက်၌ ထုတ်ဖော် ပြောကြားလိုက်သည်။

ရက်ရွှေ့ဆိုင်း

ယူကရိန်းလက်ဝှေ့ကျော် ကလစ်ရှကိုအနေဖြင့် စိန်ခေါ်သူဟာရေးနှင့် ထိုးသတ်ရန် လာမည့် ဇွန်၂၀ရက်၌ သဘောတူ ထားသော်လည်း အဆိုပါ ပြိုင်ပွဲမှာ အခြားလက်ဝှေ့ပွဲများနှင့် နီးကပ်နေသဖြင့် ရက် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

တားဆီးမရသောဆန္ဒ

ဟာရေးသည် ပြီးခဲ့သည့် နိုဝင်ဘာလက ဒဗလျူဘီစီ ဟဲဗီးဝိတ် ချန်ပီယံ မွန်တေးဘာရက်ကို ငါးချီ၌ အလဲထိုးအနိုင်ယူခဲ့သူ ဖြစ်သည်။ ယခုအခါ ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ် ဟဲဗီးဝိတ် ချန်ပီယံကလစ်ရှကိုနှင့် စိန်ခေါ်ထိုးသတ်လိုသည်မှာ တားဆီးမရသောဆန္ဒ ဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ထရေဇီဂေးအား မန်စီးတီးခေါ်ယူလို



လန်ဒန် ဇန်နဝါရီ ၉

ဂျူဗင်းတပ်စ် တိုက်စစ်မှူး ထရေဇီဂေးအား မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းလိုက်သည်။

အသက် ၃၁နှစ်အရွယ်ရှိ ထရေဇီဂေးကို မိမိတို့ ပြီးခဲ့သည့် နှစ်ကတည်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ မိမိတို့ ထိုက်တန်သော လုပ်ခလုပ်စာများ ပေးသွားမည်ဖြစ်ကြောင်း မန်စီးတီးကလပ် တာဝန်ရှိသူများက ပြောကြားသည်။ ဂျူဗင်းတပ်စ်အသင်းက ထရေဇီဂေးသည် ရောင်းရန် ကစားသမားမဟုတ်ကြောင်း ပြောကြားလိုက်သည်။ **(အင်တာနက်)**

ကာတာအိုးပင်းကွာတားဖိုင်နယ် နာဒယ်နှင့် ဖက်ဒဲရားတို့တက်ရောက်

လန်ဒန် ဇန်နဝါရီ ၉

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ရာဖေးနာဒယ်နှင့် ရော်ဂျာဖက်ဒဲရားတို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ဝင်ဘယ်လ်ဒန်၊ ပြင်သစ်အိုးပင်းနှင့် အိုလံပစ်တင်းနစ်ချန်ပီယံ ရာဖေးနာဒယ်သည် ဆလိုဗက်ကီးယား တင်းနစ်ကစားသမားကာရိုးလ်ဘက်ကို ၆-၁၊၆-၂ဖြင့် အနိုင်ရခဲ့သလို ဖက်ဒဲရားကလည်း အီတလီ တင်းနစ်သမား အင်ဒရေ့စစ်ပီကို ၆-၃၊ ၆-၃ဖြင့် ဇန်နဝါရီ ၈ရက်က အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

10-1 (15).pmd 1 1/10/2009, 1:50 AM

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပဒေသာမြို့သစ် ပြည်သာယာလမ်း ကျောက်ခင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)(မြို့ပြ) ဦးစိုင်းဝဏ္ဏနှင့်အဖွဲ့ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ (အင်ဂျင်နီယာမှူး) ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရိုခေါဒါရ်မြို့ စည်ပင်လုပ်ငန်းများ ချင်းပြည်နယ် စည်ပင်ညွှန်မှူးစစ်ဆေး

ဖလမ်း ဇန်နဝါရီ ၅

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဒီဇင်ဘာ ၂၉ရက်က ရိုခေါဒါရ်မြို့ စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးအောလ်လျန်ထန်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်း ပုသိမ်မြို့ အမက(၂၀) ဥမ္မာဒန္တီကျောင်း၌ ဇန်နဝါရီ ၃ရက်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် သူငယ်တန်း(ခ)မှ စာပေဘာသာရပ် လေးဘာသာထူးချွန်ဆုရရှိသူ မအေးမြသီရိလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ တတိယတန်း ပထမဆုရ ကျောင်းသားတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်က ဆုချီးမြှင့်စဉ်။ (၁၂၃)

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်- (၁/၂၀၀၉)ဖြင့် **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော **ဦးဖိုးသာ (မဏိဇောတ ဆီစက်နှင့်မြေပဲခွဲစက်)**အား လိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

ဦးဇော်အောင်-ဒေါ်သီတာအေး
သား-မောင်ပြည့်စုံအောင်
ပြည့်ရတနာပွဲရုံ၊ စလင်းမြို့။

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်- (၁/၂၀၀၉)ဖြင့် **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ချစ်မေမေ **ဒေါ်ခင်လှသင်း**အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ချစ်ခင်ပွန်း-သီရိသုဓမ္မဇောတိကဓဇ ဦးအောင်သိန်း
(မြန်မာ့ရတနာအောင်ဇမ္ဗူ)
ချစ်သမီး-သန္တာဆွေ B.A(Law),LL.B (အထက်တန်းရှေ့နေ)
ချစ်သားကြီး-မောင်မင်းမင်းဇော် B.A(Eco:)
ချစ်သားငယ်-မောင်မင်းမင်းကျော် B.A(Anthro)-မဟေမာန်ဇော်ဦး B.A(Anthro)

အမည်ပြောင်း

ချင်းပြည်နယ် ဖလမ်းမြို့နေ ဦးခွဟရန်း၏သမီး မဘွဲ့လှိုင်ပန်း ၄/ဖလန(နိုင်)၀၂၈၅၅၂ အား ယနေ့မှစ၍ မထရီဇားဟု ပြောင်းလဲခေါ်ပါရန်။

မထရီဇား။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်မြင့်လှိုင်၏ နိုင်ငံကူးလက်မှတ် ၁၁၁၄၃၂သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၅၀-၄၀၆၅၆။

သုတဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများသို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားခြင်း

လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၂၃ လမ်း(အထက်လမ်း) ဗုဒ္ဓ၊ ဓမ္မ၊ သံဃဝေယျာဝစ္စ သံဃဒါနဆွမ်းလောင်းအသင်းက သက်ရှိထင်ရှား သုတဗုဒ္ဓပူဇော်ပွဲနှင့် တတိယအကြိမ်မြောက် ထေရဝါဒအထူးတရားပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ၈-၁-၂၀၀၉ ရက်တွင် တိပိဋကရေ ဆရာတော် ခုနစ်ပါးအား ပူဇော်ကာ ယင်းနေ့ည ၇နာရီတွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)က လည်းကောင်း၊ ၉-၁-၂၀၀၉ ရက်တွင် ဘဒ္ဒန္တဝံသပါလာလင်္ကာရ(မြင်းမူဆရာတော်)ကလည်းကောင်း၊ ၁၀-၁-၂၀၀၉ရက်တွင် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)က လည်းကောင်း၊ ရဟန်း၊ ရှင်၊ လူ၊ ပရိသတ်တို့အား တရားအလှူပေးမည်ဖြစ်ပါ၍ တရားအလှူခံ တရားတော်နာ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

တရားပွဲကျင်းပရေးကော်မတီ။

စာအုပ်စာပေ လူ့မိတ်ဆွေ

မီးသုံးစွဲလျှင် အသိယှဉ်

ဆင်ခြင်သတိ အမြဲရှိ

အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မဟာဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ (မိုးညှင်းဒီဂရီကောလိပ်အပါအဝင်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အစီအစဉ်

ပထမရက် ၂၅-၂-၂၀၀၉ ရက် (ပထမပိုင်း) နံနက် ၉း၀၀ နာရီ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၁၉၉၉) - မြန်မာစာ
- အင်္ဂလိပ်စာ
- ဓာတုဗေဒ
- သတ္တဗေဒ
- ရုက္ခဗေဒ

သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ
- သင်္ချာ

ဝိဇ္ဇာဘွဲ့ (ရိုးရိုး) - အင်္ဂလိပ်စာ
- စိတ်ပညာ

အစမ်းလေ့ကျင့်ရက် ၂၃-၂-၂၀၀၉ ရက် နံနက် ၈း၀၀ နာရီ

ပထမရက် ၂၅-၂-၂၀၀၉ ရက် (ဒုတိယပိုင်း) မွန်းလွဲ ၂း၀၀ နာရီ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၀) - မြန်မာစာ
- အင်္ဂလိပ်စာ
- ရူပဗေဒ

ဂုဏ်ထူးဘွဲ့(ဝိဇ္ဇာ/သိပ္ပံဘွဲ့) - စိတ်ပညာ
- ဓာတုဗေဒ

(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့(ရိုးရိုး) - မြန်မာစာ
- ပထဝီဝင်
- အရှေ့တိုင်းပညာ
- အဏုဇီဝ
- စာရင်းအင်းပညာ

အစမ်းလေ့ကျင့်ရက် ၂၃-၂-၂၀၀၉ရက် နံနက် ၈း၀၀နာရီ

ဒုတိယရက် ၂၆-၂-၂၀၀၉ရက် (ပထမပိုင်း) နံနက် ၉း၀၀နာရီ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၀) - အရှေ့တိုင်းပညာ
- ဓာတုဗေဒ
- သင်္ချာ
- သတ္တဗေဒ
- ရုက္ခဗေဒ
- ဘူမိဗေဒ

ဂုဏ်ထူးဘွဲ့(ဝိဇ္ဇာ/သိပ္ပံဘွဲ့) - အင်္ဂလိပ်စာ
- ရုက္ခဗေဒ
- ဘူမိဗေဒ

သိပ္ပံဘွဲ့(ရိုးရိုး) - ရူပဗေဒ
- ရုက္ခဗေဒ

အစမ်းလေ့ကျင့်ရက် ၂၃-၂-၂၀၀၉ရက် မွန်းလွဲ ၂း၀၀နာရီ

ဒုတိယရက် ၂၆-၂-၂၀၀၉ရက် (ဒုတိယပိုင်း) မွန်းလွဲ ၂း၀၀နာရီ

သိပ္ပံဘွဲ့(ရိုးရိုး) - ဓာတုဗေဒ
- ရူပဗေဒ

အစမ်းလေ့ကျင့်ရက် ၂၃-၂-၂၀၀၉ရက် မွန်းလွဲ ၂း၀၀နာရီ

တတိယရက် ၂၇-၂-၂၀၀၉ရက် (ပထမပိုင်း) နံနက် ၉း၀၀နာရီ

ဥပဒေဘွဲ့ - ဥပဒေပညာ

သိပ္ပံဘွဲ့(ရိုးရိုး) - သတ္တဗေဒ
- ဇီဝဓာတုဗေဒ
- ဘူမိဗေဒ

အစမ်းလေ့ကျင့်ရက် ၂၄-၂-၂၀၀၉ရက် နံနက် ၈း၀၀နာရီ

တတိယရက် ၂၇-၂-၂၀၀၉ရက် (ဒုတိယပိုင်း) မွန်းလွဲ ၂း၀၀နာရီ

သိပ္ပံဂုဏ်ထူးဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) - ဓာတုဗေဒ
- ရူပဗေဒ
- သင်္ချာ

ဝိဇ္ဇာဘွဲ့ (ရိုးရိုး) (မြစ်ကြီးနားတက္ကသိုလ်) - သမိုင်း
- ဒဿနိကဗေဒ

သိပ္ပံဘွဲ့ (ရိုးရိုး) (မိုးညှင်းဒီဂရီကောလိပ်) - ဓာတုဗေဒ
- ရူပဗေဒ

အစမ်းလေ့ကျင့်ရက် ၂၄-၂-၂၀၀၉ရက် နံနက် ၈း၀၀နာရီ

စတုတ္ထရက် ၂၈-၂-၂၀၀၉ရက် (ပထမပိုင်း) နံနက် ၉း၀၀နာရီ

ဝိဇ္ဇာ/သိပ္ပံဘွဲ့(ရိုးရိုး) (မိုးညှင်းဒီဂရီကောလိပ်) - မြန်မာစာ
- ပထဝီဝင်
- သမိုင်း
- သင်္ချာ
- သတ္တဗေဒ
- ရုက္ခဗေဒ

အစမ်းလေ့ကျင့်ရက် ၂၄-၂-၂၀၀၉ရက် မွန်းလွဲ ၂း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများနှင့် ကျောင်းသားကတ်နှင့် ဧည့်ကတ်များကို ပထမရက် ပထမပိုင်းနှင့် ဒုတိယပိုင်း၊ ဒုတိယရက် ပထမပိုင်းနှင့် ဒုတိယပိုင်း ဘွဲ့ယူသူများအတွက် ၁၉-၂-၂၀၀၉ရက် နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိလည်းကောင်း၊ တတိယရက် ပထမပိုင်းနှင့်ဒုတိယပိုင်း၊ စတုတ္ထရက် ပထမပိုင်းဘွဲ့ယူသူများအတွက် ၂၀-၂-၂၀၀၉ရက် နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိလည်းကောင်း စတင်၍ မြစ်ကြီးနားတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဘွဲ့ကြေးငွေသွင်း ပြေစာတင်ပြ၍ လျှောက်ထား ရယူနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဗိုလ်တင်
ဌာနမှူး၊ သင်တန်းရေးရာဌာန
မြစ်ကြီးနားတက္ကသိုလ်
မြစ်ကြီးနားမြို့။

အင်ဂျင်နီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည့် နှစ်ပတ်လည်ညီလာခံ၊ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် စာတမ်းဖတ်ပွဲမြင်ကွင်း

သတင်းမြင်ကွင်း - မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံအတွင်း ဝင်လိုက်သည်နှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ပြခန်းများကို တွေ့ရသည်။ သပ်ရပ်သန့်ရှင်းသော ပြခန်းများ၌ လေ့လာနေသူများရှိနေသည်။

ပြခန်းတာဝန်ရှိသူတစ်ဦးက လေ့လာသူများအား လက်တွေ့ရှင်းပြနေသည်ကို ဤသို့တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

ခင်းကျင်းပြသ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံအတွင်း ဝင်ရောက်ခဲ့ရာ ပထမထပ်၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်ညီလာခံ အကြိုထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဖေနှင့် တွေ့ဆုံရာ "အခုလို ကျင်းပရတာက နှစ်စဉ်မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်တွေ စုစည်းပြီး ညီလာခံကျင်းပရင်း အာဆီယံအင်ဂျင်နီယာအသင်းကြီးရဲ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တွေကို ဆုချီးမြှင့်တာတွေ၊ စာတမ်းဖတ်ကြားမှုတွေနဲ့ စက်မှုလုပ်ငန်းတွေကအင်ဂျင်နီယာသုံးထုတ်ကုန်ပစ္စည်းပြခန်းတွေလည်း တစ်ပြိုင်တည်းခင်းကျင်းပြသခြင်း ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အနီရောင်ဖရဲသီးကို ပုံမှန်စားသုံးပါလျှင် အသည်းခြောက်ရောဂါဖြစ်ပွားမှု လျော့နည်းနိုင်ဟုဆို

ဖရဲသီးကိုပုံမှန်စားသုံးပေးပါက အမျိုးသားများတွင် အဖြစ်များသော အသည်းခြောက်ရောဂါ ဖြစ်ပွားမှုကို လျော့နည်းစေကြောင်း စပိန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

အကျိုးပြု

ဖရဲသီး၏ မူလဇာတိမှာ အာဖရိကတိုက်မှဖြစ်ပြီး အီဂျစ်နှင့် အိန္ဒိယတို့မှတစ်ဆင့် အာရှတိုက်သို့ ပျံ့နှံ့စွာ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဖရဲသီးတွင် အကျိုးပြုအာဟာရဓာတ်များစွာ ပါဝင်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ○

ကမ္ဘာတစ်ဝန်းသုံးစွဲမှု ကျယ်ပြန့်လာမည့် အင်တာနက် ရုပ်မြင်သံကြား

နည်းပညာသိပွဲ
မောင်မောင်မြင့်ဆွေ ရေးသည်
စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ (မြန်မာ့အလင်း)

တိုကျို ဇန်နဝါရီ ၉

ဂျပန်နိုင်ငံက ယခုနှစ်အတွင်း အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည့် ရုပ်မြင်သံကြားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ အိုင်စီတီသုတေသနပညာရှင်များက သတင်းထုတ်ပြန်လိုက်ပြီဖြစ်သည်။

ဂျပန်နိုင်ငံ တိုရှီဘာကုမ္ပဏီက တိုရှီဘာအမျိုးအစား ရုပ်မြင်သံကြားများကို ယဟူးနှင့် အင်တဲလ်နည်းပညာများ အသုံးပြုကာ အင်တာနက်ချိတ်ဆက်ပြီး ပြည်သူများအတွက် *စာမျက်နှာ ၁၁ ကော်လံ ၁* ❐

၂၀၀၉ ခုနှစ် အာရှ၌ စောင့်ကြည့်ရမည့်ကစားသမား ၁၀ ဦး မြန်မာအသင်းခေါင်းဆောင် စိုးမြတ်မင်း ပါဝင်

ဘာသာပြန်မှတ်စု - မောင်ချစ်ကြည် ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

ဟန္နိုင်း ဇန်နဝါရီ ၉

၂၀၀၉ ခုနှစ်အတွက် အာရှဘောလုံးသမားများအနက်မှ စောင့်ကြည့်ရမည့် ဘောလုံးသမား ၁၀ ဦးကို အင်တာနက် ဝက်ဘ်ဆိုက်မှ ရွေးချယ်ခဲ့ရာတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းလည်း ရွေးချယ်ဖော်ပြခံရသည်။

သတ်မှတ်ဖော်ပြ

နာမည်ကြီးအင်တာနက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော ဂိုးလ်ကွန်က မြန်မာအသင်းခေါင်းဆောင် စိုးမြတ်မင်းနှင့်ပတ်သက်ပြီး ဖော်ပြရာ၌ စိုးမြတ်မင်းသည် မြန်မာဘောလုံးအသင်း *စာမျက်နှာ ၈ ကော်လံ ၁* ✳

နေပြည်တော် တပ်ကုန်းရှိ သူဌေးကုန်း၊ နွယ်ရစ်စိုက်ခင်းများမှ ထွက်ရှိသော ပန်းမုန်လာများကို လှည်းများဖြင့် ဤသို့ တင်ဆောင်လာကြသည်။

ပန်းမုန်လာ အထွက်ကောင်း၍ ဝင်ငွေကောင်းနေကြသူများ

သတင်းဆောင်းပါး - လှရွှေ (ကေတုမတီ)
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်
စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော် တပ်ကုန်းအတွင်း ဆင်သေချောင်းဖြတ်သန်းစီးဆင်းရာ ချောင်းကမ်းဘေးဝဲယာ မြေနုကျွန်းများအား ပိုင်ဆိုင်သော ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူအများစုသည် ရာသီသီးနှံဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးရောင်းချခြင်းဖြင့် ဝင်ငွေကောင်းကာ မိသားစုလူမှုစီးပွားဘဝ အဆင့်မြင့်မားလျက်ရှိသည်။

စိုက်ပျိုး

နေပြည်တော်တပ်ကုန်း မြေနုကျွန်း ရာသီသီးနှံ စိုက်ခင်းများမှ စိုက်ပျိုးထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များမှာ ဖရဲ၊ ပြောင်းချို၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်း၊ ဆလတ်၊ ပဲတောင့်ရှည်၊ ငရုတ်၊ ကြက်သွန်နီတို့ဖြစ်ပြီး ပဲတီစိမ်း၊ နေကြာ၊ ကုလားပဲ၊ နှမ်း၊ ရွှေယင်းမာပဲတို့ကိုလည်း နေရာမလပ် စိုက်ပျိုးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●